ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း(၂)ရက်၊ သောကြာနေ့၊ (18-6-2004) (၄၂၆၈)

ပုဗ္ဗေ စ ကတ ပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မိုးကြီးမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး ခေတ္တမိုးကြီးမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်ဒေသများ၊ အတွင်းပိုင်းနှင့် ကျေးလက်ဒေသများပါမကျန် ပညာရေးကဏ္ဍတိုးတက်အောင်မြင် ငွေကြေးချို့တဲ့၍ ကျောင်းမနေနိုင်သည့်ကလေးများ ကျောင်းနေနိုင်အောင် စည်းရုံးလှုံ့ဆော် စီမံပေးနိုင်ခဲ့

အခြေခံပညာအဆင့်ရော၊ အဆင့်မြင့်ပညာအဆင့်မှာပါ အားရဖွယ်ရာ အကောင်အထည်ပေါ်လာ

ရန်ကုန်　ဇွန်　၁၇

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဗဟိုကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အောက်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရန်ကုန်–ကျောက်ဖြူလမ်းစီမံကိန်း (မအီ–မင်းကြောင်းအပိုင်း)ရှိ လမ်းနှင့်တံတားများအား စစ်ဆေး

ရန်ကုန်　ဇွန်　၁၇

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၁၃ရက် နံနက် ၇နာရီခွဲတွင် မအီမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲနိုင်အောင်က မအီမြို့နှင့်ပတ်သက်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မအီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က မအီမြို့၏တည်နေရာနှင့်အကျယ်အဝန်း၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေနှင့် စိုက်ပျိုးမွေးမြူရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၁၈–၆–၂၀၀၄
(သောကြာနေ့)

လယ်ယာကဏ္ဍထုတ်လုပ်မှုမြင့်မားအောင် ဒေသခံပြည်သူများ ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် လိုအပ်သည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး အစီအမံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်ထောင်စုတစ်ဝန်း ပြည်နယ်နှင့်တိုင်း ဒေသအနှံ့သို့ သွားရောက်၍ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၁၃ရက်နေ့က စစ်ကိုင်းတိုင်းအတွင်း အရာတော်မြို့၊ ရွှေဘိုမြို့၊ ဝက်လက်မြို့၊ ရေဦးမြို့တို့သို့ သွားရောက်၍ မြစ်ရေတင်စီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းခွင်များ၊ ပြည်သူ့ဆေးရုံများနှင့် အခြေခံပညာအထက်တန်းကျောင်းများအား ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် **ပြည်တွင်းစားသုံးရန်အပြင် သီးနှံပိုလျှံမှုများ ခိုင်ခိုင်မာမာရှိလာပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နှင့် ဆက်စပ်လျက် မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်သော စက်မှုနိုင်ငံအဖြစ် ထူထောင်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်အောင်၊ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်အောင်၊ ဒေသအလိုက် စီးပွားရေးခိုင်မာတိုးတက်အောင် အားလုံးတက်ညီလက်ညီ ကြိုးပမ်းကြစေလိုကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်က စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်လာစေရေးအတွက် ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးရေရရှိရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးရင်း စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ သီးနှံများတစ်ဧကအထွက်နှုန်းတိုးရေး နည်းစနစ်များ ကူညီပြသခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ အသားတင်စိုက်ပျိုးမြေဧရိယာမှာ ယခင်က ဧက ၂၈သိန်းခန့်သာရှိရာမှ ယခုအခါ ဧက ၃၉သိန်းကျော်အထိ တိုးတက်လျက်ရှိသည်။ သီးနှံမျိုးစုံစိုက်ပျိုးသည့်ဧရိယာ ဧက ၆၄သိန်းခန့်အထိ ဖြစ်ပေါ်နေပြီး စပါးစိုက်ဧရိယာ ဧက ၁ ဒသမ ၈ သန်းကျော်အထိ တိုးတက်စိုက်ပျိုးလျက်ရှိသည်။

စစ်ကိုင်းတိုင်း အရာတော်ဒေသတွင် စိုက်ပျိုးမြေဧက ၇၀၀၀ ခန့် အကျိုးပြုနိုင်မည့် အရာတော်မြစ်ရေတင်စီမံကိန်း သုံးခုကို အကောင်အထည်ဖော်လျက်ရှိသည်။ အရာတော်(၂) မြစ်ရေတင်လုပ်ငန်း စမ်းသပ်လည်ပတ်၍ နွေစပါးဧက ၂၀၀ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးဧက ၁၀၀၀ စိုက်ပျိုးရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အရာတော်၊ ရွှေဘို၊ ဝက်လက်နှင့်ရေဦးမြို့နယ်များတွင် ရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးရေကောင်းစွာရရှိမှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်။ တောင်သူလယ်သမားများက ဆန်စပါးပိုလျှံစွာထွက်ရှိရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ခံများ၊ စိုက်ပျိုးရေးတာဝန်ခံများနှင့် တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများစသည့် အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ဆန်စပါးအပါအဝင် လယ်ယာကဏ္ဍသီးနှံများ ထုတ်လုပ်မှုပိုလျှံသည်ထက်ပိုလျှံမြင့်မားလာစေရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညီလာခံ ကိုယ်စားလှယ်များ၏ သန္နိဋ္ဌာန်

* ပြည်သာရန် ညီညာအတွေးနဲ့၊
ညီလာခံ သည်မဟာ အရေးမှာဖြင့်၊
ဆွေးနွေးပါလို့ ညှိနှိုင်းမယ်။
* အခြေခံရမယ့် ဥပဒေ၊
ယခုမသွေ အမှန်ဆွဲမယ်ကွယ့်၊
ဉာဏ်လည်းတော် နိုင်ငံချစ်သူတို့၊
ရေးလို့နေတယ်။
* ပြုစုနေတဲ့ ဒီဥပဒေ၊
ပြည်သူတွေအတွက် ဒီမိုကရေစီလမ်း။
* သည်စခန်း ညောင်နှစ်ပင်မှာ၊
နောင်အစဉ်သာ စိတ်မပန်းရအောင်၊
ဒို့နိုင်ငံ တည်မယ့်လမ်းကို၊
(ကိုယ်စားလှယ်တို့ရေ....)၊
ရေးစို့ တစ်စိတ် တစ်ဝမ်း။ ။

ဒေါက်တာလှစိုးတင့်(ဆေးသုတေသန)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇွန် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးရဲဖုန်းမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ)	ဗိုလ်မှူးကြီးအောင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအတွက် ငွေသားနှင့်ပစ္စည်းကျပ် ၂၂၅သိန်းကျော်ဖိုး လှူဒါန်း

ရန်ကုန် ဇွန် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ ရခိုင်ပြည်နယ်အသင်း(ဒါနချစ်သူများ)မှ ဝန်ကြီးရုံးအစည်းအဝေးခန်းမသို့ ယနေ့နံနက် ၉နာရီတွင် လာရောက် တွေ့ဆုံပြီး ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအတွက် ငွေသားနှင့် ပစ္စည်းတန်ဖိုး ကျပ် ၂၂၅ သိန်းကျော် လှူဒါန်းခဲ့ရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ရေးဦးစွာ လှူဒါန်းရခြင်းအကြောင်းကို ရခိုင်ပြည်နယ်အသင်း ဒါနချစ်သူများကိုယ်စား ဒေါက်တာကျော်သိန်းက ရှင်းလင်းတင်ပြပြီး ငွေသား၈သိန်းကို ရခိုင်သဟာယအသင်းဥက္ကဋ္ဌဒေါက်တာကျော်သိန်းကလည်းကောင်း၊ ရေသန့်ကျပ်သိန်း ၂၀ ဖိုးကို Alpine Co., Managing Directorကိုယ်စားဦးဇော်အေးမောင်ကလည်းကောင်း၊ ဆန်အိတ်ပေါင်း ၆၄၇ (တန်ဖိုး၃၂သိန်းကျော်)ကို ရခိုင်လူမှုရေးအသင်း(ဂျပန်)မှ ဦးမျိုးဆွေက လည်းကောင်း၊ အဝတ်အထည် ၉၀၀၀ကျော် (တန်ဖိုးကျပ်သိန်း၄၀ခန့်)ကို ရခိုင်အမျိုးသမီးအသင်း အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်က လည်းကောင်း၊ ခြင်ထောင် ၃၂၀ (တန်ဖိုး၁၂သိန်းကျော်)ကို စစ်တွေကောလိပ် ကျောင်းသားဟောင်းများအသင်း အမှုဆောင် ဒေါ်ခိုင်ခိုင်ဇံက လည်းကောင်း၊ စောင်အထည် ၃၀၀ (တန်ဖိုး၂၄သိန်းကျော်)ကို မြေပုံမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးလှထွန်းဦးကလည်းကောင်း၊ စာရေးကိရိယာတန်ဖိုးရှစ်သိန်းကျော်ကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) အတွင်းရေးမှူးဒေါ်နုမြဇံကလည်းကောင်း ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၇

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ အိအိခိုင် ရိုက်ကူးပြီး သရုပ်ဆောင်လွင်မိုး၊ နန္ဒာလှိုင်၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့်"မာယာရထား" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအဖြစ် မစ္စစ်ရှသ်ရှုပ်(ဇ်)အား ခန့်အပ်ရန် သဘောတူ

ရန်ကုန် ဇွန် ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အစ္စရေးသံအမတ်ကြီး မစ္စတာ ယာကော့ဗ်အဗွရာ ဟာမီ၏နေရာတွင် မစ္စစ် ရှသ်ရှုပ်(ဇ်)အား ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စစ် ရှသ်ရှုပ်(ဇ်)သည် ၁၉၅၀ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဂျေရုစလင်မြို့ ဟီဘရူးတက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး အရှေ့အလယ်ပိုင်းနှင့် အာရပ်ရေးရာ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၈ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ စစ်မှုထမ်းခဲ့သည်။ ၎င်းသည် အစ္စရေးနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၇၄ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ စင်ကာပူမြို့ရှိ အစ္စရေးသံရုံးနှင့် ဟူစတန်မြို့ရှိ အစ္စရေးကောင်စစ်ဝန်ချုပ်ရုံးတို့တွင်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် အစ္စရေးနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန အီဂျစ်ဌာနတွင် သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စစ်ရှသ်ရှုပ်(ဇ်)သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ၎င်းတွင် သားသမီးသုံးဦးရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးတို့ မိုင်းပတ်–ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂၃ရက်က စစ်ဆေးကြည့်ရှုစဉ်။ (ခရိုင် ပြန်/ဆက်)

မိုးကုတ်ဓမ္မာရုံ ရေစက်ချအလှူမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် ကောက်လျှင်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၄၈) ဓမ္မာရုံကြီးကို ပြန်လည်မွမ်းမံဆောက်လုပ် ပြီးစီးပြီဖြစ်ပါ၍ ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို ဇူလိုင် ၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် မိုးကုတ်ယောဂီများ ကြွရောက်ကြရန် နိုးဆော်ထားသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

စည်းလုံးညီညာ အောင်ကြောင်းဖြာ

ဒေါက်တာမြတ်မြတ်အုန်းခင်

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီ ရှည်လျားခိုင်မာခဲ့သော သမိုင်းကြောင်း တစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နေထိုင်လာခဲ့သော နိုင်ငံဖြစ်သည်။ ထို့အတူ မြန်မာ့ယဉ်ကျေးမှုသည်လည်း မြန်မာလူမျိုးများနှင့် တစ်ပါတည်း ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကမ္ဘာပေါ်တွင် အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း အမြင့်မားဆုံးနှင့် အယဉ်ကျေးဆုံး တိုင်းပြည်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ မြန်မာလူမျိုးတို့၏ ပင်ကိုဓလေ့စရိုက်သည် ရိုးသားသိမ်မွေ့နူးညံ့သော သဘောရှိသည်။ သို့သော် မဟုတ်လျှင် မခံတတ်သော ဗီဇလည်း ရှိသည်။ အနိုင်မခံ အရှုံးမပေးဘဲ လေ့ခွက်ချည်းကျန် အလံမလှဲသော စိတ်ထားလည်း ရှိသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွှယ် ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတကာ၌ သိပ္ပံနှင့် နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထိုကဲ့သို့ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွှယ် ပြောင်းလဲမှုများ ဖြစ်ထွန်းလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ထိုပကတိသဘောကို သိရှိနားလည်၍ အမျိုးသားရေး ကိုယ်ခံစွမ်းအားစုများ မြင့်မားစေရန်နှင့် အချင်းချင်း စည်းလုံးညီညွတ်၍ အရေးကြုံက သက်လုံကောင်းရန် အထူးလိုအပ်လှပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးသောနိုင်ငံ၊ မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့သော လူမျိုးများဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားကြသကဲ့သို့ မိမိလူမျိုး၏ အမျိုးသားရေး ဂုဏ်ဒြပ်ကို ထာဝရထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ စာရေးသူသည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံအပေါ် ကျေးဇူးသစ္စာ စောင့်သိရသကဲ့သို့ နိုင်ငံတော်က တာဝန်ပေးအပ်လာပါက နိုင်ငံတော်အကျိုးအတွက် အချိန်ပြည့် အလုပ်လုပ်ရန် တာဝန်ရှိပါသည်။ ဝန်ထမ်းဖြစ်လာလျှင် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းများကို ဝန်ထမ်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် စသည်များတွင် အသေးစိတ် ဖော်ပြထားရှိသည့်အတိုင်း အတိအကျ ဆောင်ရွက်ရပါသည်။

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်၏ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် နိုင်ငံတော်ပြိုကွဲပျက်စီးမည့် ဘေးအန္တရာယ်များကို တွေ့မြင်ရပြီး ပြည်ထောင်စုမပြိုကွဲရေးနှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် တပ်မတော်က နိုင်ငံ့တာဝန်အရပ်ရပ်ကို မလွှဲသာမရှောင်သာ တာဝန်ယူဆောင်ရွက်ခဲ့ရပေသည်။ ယနေ့အချိန်အခါသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်သောစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်သည်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခေတ်မီအင်အားတောင့်တင်းသော တပ်မတော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တည်ဆောက်သွားရမည်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သော တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

ယနေ့ကာလတွင် တပ်မတော်အစိုးရနှင့် ပြည်သူတို့ အတူလက်တွဲပြီး ပြည်ထောင်စုကြီးတစ်ဝန်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ပါသည်။ နိုင်ငံရေးအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကျင်းပနိုင်ခြင်း၊ စီးပွားရေးအရ ဈေးကွက်စီးပွားရေးစနစ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံများ ရာနှင့်ချီ၍ တည်ဆောက်ပေးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးရေနက်ကွင်းများအား စိုက်ပျိုးမြေအဖြစ် တိုးချဲ့ဖော်ထုတ်နိုင်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးအတွက် မြစ်ကူးတံတားကြီးများ အပါအဝင် လမ်းတံတားများ တည်ဆောက်ပြုပြင်ဖောက်လုပ်ပေးခြင်း၊ လူမှုရေးအရ ပညာရေးကဏ္ဍကို အထူးမြှင့်တင်ပေးသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင် တောနှင့်မြို့ ကွာဟမှုမရှိစေရန် ဆေးရုံ၊ဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ထူထောင်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်လာသဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေး ရှေ့လုပ်ငန်းစဉ် (၇) ရပ်ကို အတိအလင်းထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၄–၅–၂၀၀၄ ရက်နေ့ မိုးမိတ်မြို့ မြို့နယ်ခန်းမ၌ အမှာစကားပြောကြားရာတွင်လည်း **မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော် စုပေါင်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအားလုံး စည်းလုံးညီညွတ်မှုရှိရန် အထူးအရေးကြီးကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား ပြန့်ပွားပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် ဤသဘောတရားကို သိရှိပြီး မိမိတို့ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးတို့အတွက် တာဝန်သိသိစေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း** ထည့်သွင်းပြောကြားခဲ့ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် ဆောင်ရွက်ရာတွင် စည်းကမ်းစနစ်ကျနရန် အရေးကြီးလှပါသည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ကျင်းပခဲ့သော အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် မူ ၁၀၄ ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများကို အဆိုပါ ညီလာခံသို့ တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်တော်ကြီးများက သဘောတူချမှတ်ခဲ့ကြပြီးဖြစ်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားညီလာခံကို အောင်မြင်ချောမောစွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့တွင် ကြေညာချက် အမှတ်(၁၀/၂၀၀၃)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဥက္ကဋ္ဌအဖြစ် ပါဝင်သော အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ကို ပြောင်းလဲတာဝန် ပေးအပ်ခဲ့ပါသည်။ ထို့အတူ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီကို ပြန်လည်ပြင်ဆင်ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိပကတိသမိုင်းခေတ်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ကြီးမားသော တိုးတက်ပြောင်းလဲဖြစ်ထွန်းမှုများနှင့်အတူ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် ယာယီအားဖြင့် ဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးအား ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည် ကျင်းပလျက်ရှိသည်အထိ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ယခုကဲ့သို့ အခြေခံကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသည့် အချိန်အခါကောင်းတွင် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ရှေ့ရေးနှင့် ဒီမိုကရေစီအရေးကို ရှေးရှု၍ မိမိတို့ မူဝါဒလမ်းစဉ်များကို တရားသေ စွဲကိုင်မထားဘဲ ပြန်လည်သုံးသပ်ပြီး နည်းလမ်းရှာကြံ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးမူဝါဒများကို စွန့်လွှတ်၍ နိုင်ငံတော်က ကြိုးပမ်းတည်ဆောက်နေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။ သို့မှသာ နိုင်ငံတော်ကချမှတ်ထားသော ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေး ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပါသည်။ နိုင်ငံတော်၏ အသက်သွေးကြောတမျှ အရေးပါလှသော ဤတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရန် လိုအပ်လှပါသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရမည်ဖြစ်သည်။ ခိုင်မာသောနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်နေသော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများရရှိရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့က အမျိုးသားညီလာခံကြီးတွင် စုံစုံညီညီ တက်တက်ကြွကြွ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပါဝင် ဆွေးနွေးအကြံပြုနေကြပြီ ဖြစ်ပါသည်။ စည်းလုံးညီညွတ်ခြင်းသည် အောင်မြင်မှုကိုဖြစ်စေပါသည်။ အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ကိုယ်စားလှယ်အားလုံးက အချင်းချင်း စည်းလုံးညီညွတ်စွာ ဆွေးနွေးညှိနှိုင်း အကြံပြုနေကြသည်များကို ဝမ်းသာအားရဖွယ် တွေ့မြင်နေရပါသည်။ သို့ဖြစ်ရာ စည်းလုံးညီညာအောင်ကြောင်းဖြာဆိုသကဲ့သို့ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးမှ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အတွက် အောင်မြင်မှုရလဒ်ကောင်းများ ပေါ်ထွန်းလာမည်ဟု ယုံကြည်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

မျိုးဥယျာဉ်တွင် မျိုးပင်များ ပြုစုမျိုးထောင်

မြစ်ကြီးနား ဇွန် ၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်တွင် အမှုဆောင်အရာရှိ ဦးအေးဆွေနှင့်ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးရာသီအမီ ပျိုးပင်များ စိုက်ပျိုးခြင်း၊ ပျိုးပင်များပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းပင်များ ရှင်းလင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (အပေါ်ပုံ) (က–ပ)

ဓမ္မရောင်ခြည်ကျောင်း သဲအင်းဂူ အထူးအဓိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၇

တောင်ဥက္ကလာပမြို့နယ် အမှတ် (၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ တပည့် အရှင်ပဏ္ဍာဝံ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားစခန်းပွဲကို ဇွန် ၂၅ ရက်မှ ဩဂုတ် ၁ ရက်ထိ ကျင်းပမည်ဖြစ်ရာ ပထမဝါဆိုလဆန်း ၈ ရက် ညနေအရောက် လာရောက်ကြရန်နှင့် တရားစခန်းဝင်လိုသူများအား အကျိုးဆောင်အဖွဲ့က အာဟာရဒါန လှူဒါန်းမည်ဖြစ်ပြီး အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၆–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြပဟန် ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က)မြန်မာစာ (အထူးပြုအားလုံး) (ခ)ဩဝါဒပျို့
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၆)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၂၈)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

အာဏာလွှဲပြောင်းပေးပြီးသည့်တိုင်အောင် အီရတ်တွင် ဆန့်ကျင်ခုခံမှုများ ဆက်လက်ဖြစ်ပွားနေမည်

ဝါရှင်တန် ဇွန် ၁၅

အီရတ်တို့လက်သို့ ဇွန်လ ၃၀ ရက်တွင် အမေရိကန်နှင့် အပေါင်းပါ အာဏာပိုင်များက အချုပ်အခြာအာဏာဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြန်လည်ပေးအပ်မည်ဖြစ်သည်။ ထိုရက်မတိုင်မီနှင့် ထိုရက်နောက်ပိုင်း ကာလများတွင် အီရတ်နိုင်ငံ၌ ဆန့်ကျင်ခုခံတိုက်ခိုက်မှုများ တိုး၍ဖြစ်ပေါ်လာနိုင်စရာ ရှိကြောင်း အပေါင်းပါတပ်ဖွဲ့မှ အရာရှိများက ခန့်မှန်းထားကြသည်။

ညွှန်ပြ

ဗိုလ်မှူးချုပ် မတ်ကင်းမစ်သည် အီရတ်ရှိ အပေါင်းပါတပ်များ၏ စစ်ဆင်ရေးဆိုင်ရာ ဒုတိယအကြီးအကဲဖြစ်သည်။ ၎င်းက အချုပ်အခြာအာဏာ ပြန်လည်ပေးအပ်ပြီးနောက်ပိုင်းကာလများတွင် ဆန့်ကျင်ခုခံမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ကို ညွှန်ပြနေသော ရုပ်ထွေးနေသည့် သတင်းများ ရရှိနေသည်။

ကျော်လွှားနိုင်

ထိုခုခံဆန့်ကျင်မှုများကြောင့် အီရတ်အစိုးရအသစ် မခိုင်မမာ ဖြစ်မနေဘဲ အခက်အခဲကို ကျော်လွှားနိုင်လိမ့်မည်ဟုယူဆကြောင်းကင်းမစ်က ပြောကြားသည်။

လုပ်ဆောင်သွား

လက်ရှိအခြေအနေတွင် အပေါင်းပါတပ်ဖွဲ့များသည်အီရတ်တွင် ဆက်လက်တပ်စွဲထားပြီးစစ်ဆင်ရေးများဆက်လက်ဆောင်ရွက်နေမည်။ ထို့အပြင် ထောက်လှမ်းရေးဆိုင်ရာ ကိစ္စများကိုလည်း အီရတ်များနှင့် အပေါင်းပါတပ်များ ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားကြမည်ဖြစ်သည်။

အဆင်သင့် ပြင်ဆင်

အီရတ်တွင် ဇွန် ၃၀ ရက်နောက်ပိုင်း အခြေအနေများ ဆိုးရွားလာလျှင်လည်း မိမိတို့အနေဖြင့် ရင်ဆိုင်ဖြေရှင်းသွားရန် အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကင်းမစ်က ဆက်လက်ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနောက်ဘက်ရှိအဘူဂါရိပ်အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာသော အီရတ်တစ်ဦးကို ဇွန် ၁၄ရက်က မိသားစုနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်နှစ်ဦး အီရတ်တွင် အဖမ်းခံရပြန်

ဘေရွတ် ဇွန် ၁၆

ပြန်ပေးဆွဲသူများသည် အီရတ်တွင် လက်ဘနွန်ဓားစာခံနှစ်ဦးကို ထပ်မံဖမ်းဆီးပြီး ၎င်းတို့ကို ပြန်လွှတ်ပေးစေလိုလျှင် ပြန်ပေးငွေပေးရမည်ဖြစ်ကြောင်း တောင်းဆိုထားသည်ဟု ဘေရွတ်မှ လက်ဘနွန်နိုင်ငံခြားရေး အရာရှိတစ်ဦးက ပြောကြားကြသည်။ဆွီဒန်ဟု အမည်ရသော ကုမ္ပဏီအတွက် အလုပ်လုပ်ကိုင်ပေးနေသူ ဂျော့ဖာနန်ဒိုနှင့် ဂျမဲလ်ဒိဗ်တို့ ပျောက်ဆုံးနေသည်မှာ နှစ်ရက်ရှိသွားပြီဖြစ်ကြောင်းလက်ဘနွန်နိုင်ငံခြားရေးအရာရှိဘူထရော့စ်အာဆာကာက ပြောကြားသည်။

ဘဂ္ဂဒက်တွင် လက်ဘနွန်လူမျိုးနှစ်ဦး ပျောက်ဆုံးသွားသည်။ ၎င်းတို့ကို ပြန်ပေးဆွဲထားခြင်းဖြစ်ပြီး ငွေပေး၍ ရွေးယူမှ ပြန်လွှတ်ပေးမည်။ ထိုလူများကို မည်သူမည်ဝါတို့က ဖမ်းဆီးထားသည်ကို မသိရသော်လည်း ထိုလူများ၏ အခြေအနေမှာ ကောင်းမွန်ကြောင်း ဘဂ္ဂဒက်ရှိလက်ဘနွန်သံမှူးကအကြောင်းကြားသဖြင့် သိရှိရသည်ဟု အာဆာကာက ပြောကြားသည်။ပြီးခဲ့သော သီတင်းပတ်က လက်ဘနွန်လူမျိုး ဟူစိန်အလီအယ်ယန်ဆိုသူကို ဓားစာခံအဖြစ် ဖမ်းဆီးသွားသည်။ ထို့နောက် အခြားအီရတ်နှစ်ဦးနှင့်အတူ ၎င်းကို သတ်ဖြတ်ခဲ့ပြီး အလောင်းများကို ဘဂ္ဂဒက်ရှိ လမ်းဘေးတစ်နေရာတွင် ပစ်သွားခဲ့သည်။

အခြားလက်ဘနွန်လူမျိုးတစ်ဦးဖြစ်သည့် ဟာဘစ်ဆာမော ပျောက်ဆုံးနေသည်မှာ တစ်လခန့်ပင် ရှိနေပြီဖြစ်သည်။ ဆာမောဆိုသူအား အစ္စလမ္မစ်အင်ဂါးဘရီဂိတ်ခေါ် အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးထားသည်ဆိုသော အကြောင်းကြားစာကို မိမိတို့ထံတွင် ရရှိထားကြောင်း အယ်လ်အာရေဗီးယားရုပ်သံဌာနကဆိုသည်။ ဆာမောကို ဖမ်းဆီးထားသူများက ၎င်းသည် အမေရိကန်တို့အတွက် သူလျှိုလုပ်ပေးသောကြောင့် ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ဆိုသည်။

ရုပ်သံဌာနကပြသသွားသောထုတ်လွှင့်ချက်တွင်ဆာမောကငင်းလွတ်မြောက်ရေးအတွက် လက်ဘနွန်အစိုးရက အကူအညီပေးပါရန် ပန်ကြားသွားကြောင်း သိရသည်။ ထိုပန်ကြားချက်တွင် ဇွန် ၁၀ ရက်ဟူ၍ ရက်စွဲရေးထိုးထားသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အစ္စလမ်နိုင်ငံများအဖွဲ့ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး ဂျင်းအိုဘိတ်နှင့် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှီယာဇီဘာရီတို့ တွေ့ဆုံခဲ့ကြပြီး ဓားစာခံများအရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း လက်ဘနွန်နိုင်ငံခြားရေးဌာနမှ အာဆာကာက ပြောကြားသွားသည်။ ***အင်တာနက်။***

ဂျော်ဒန်က အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ် အိမ်နီးချင်းနိုင်ငံ တပ်ဖွဲ့များ အီရတ်တွင် ဖြန့်ချမှုကိုလည်းဆန့်ကျင်

အစ္စတန်လ်ဘူလ် ဇွန် ၁၆

ဂျော်ဒန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်သင့်သည်ဆိုသော ပြောဆိုမှုများကို လက်မခံဘဲ ပယ်ချထားပြီး အီရတ်နိုင်ငံ၏ အခြားအိမ်နီးချင်းနိုင်ငံများမှ တပ်ဖွဲ့များအား အီရတ်၌ ဖြန့်ချရေးကို ဆန့်ကျင်ကြောင်း ဂျော်ဒန်တရားရေးဝန်ကြီး ဆလားဘာရှီယာက ပြောကြားသည်။

ဆန့်ကျင်

ဂျော်ဒန်နိုင်ငံသည် အီရတ်နိုင်ငံသို့ ၎င်း၏တပ်ဖွဲ့ဝင်များကို စေလွှတ်မည် မဟုတ်ကြောင်းနှင့် အီရတ်နိုင်ငံ၌ အိမ်နီးချင်းနိုင်ငံများမှ တပ်ဖွဲ့များဖြန့်ချမှုကို မိမိတို့ဆန့်ကျင်ကြောင်း မွတ်စလင် ၅၇နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အစ္စလမ္မစ်ညီလာခံအဖွဲ့(အိုအိုင်စီ)၏ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး ဒုတိယမြောက်နေ့တွင် ၎င်းက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ ၎င်းသည် အိုအိုင်စီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ဂျော်ဒန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်တက်ရောက်ခြင်းဖြစ်သည်။

တုံ့ပြန်

အာရပ်နိုင်ငံများအနေဖြင့် စစ်ပွဲကြောင့် ထောင်းထောင်းကြေနေသည့် အီရတ်နိုင်ငံ၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့ဝင်များနှင့်အတူ နိုင်ငံစုံတပ်ဖွဲ့၌ ပူးပေါင်းပါဝင်သင့်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျက်ဒီဟုပ်၏ ဝေဖန်ပြောဆိုမှုများကို တုံ့ပြန်ရာ၌ ၎င်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးထိန်းသိမ်း

အိမ်နီးချင်းနိုင်ငံများမှ တပ်ဖွဲ့များအား အီရတ်မြေပေါ်၌ ဖြန့်ချခြင်းကို အီရတ်နိုင်ငံက ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ကြောင်း၊ သို့ရာတွင် နေတိုးတပ်ဖွဲ့ဝင်များနှင့်အတူ နိုင်ငံစုံ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် အခြားအာရပ်နိုင်ငံများမှ တပ်ဖွဲ့များကို ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း အာရပ်ဝန်ကြီးတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အင်တာနက်။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ၈၂၈ဦး သေဆုံး

ဝါရှင်တန် ဇွန် ၁၆

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က စစ်ဆင်ရေးလုပ်ငန်းများ စတင်ခဲ့ချိန်မှစ၍ ဇွန် ၁၆ရက်(ဗုဒ္ဓဟူးနေ့)အထိ အမေရိကန်တပ်ဖွဲ့ဝင် ၈၂၈ဦး သေဆုံးခဲ့ရကြောင်း၊ ဖော်ပြပါဦးရေအနက် ၆၀၉ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၁၉ဦးမှာမူ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။ အီရတ်နိုင်ငံတွင် အမေရိကန်၏ အပေါင်းပါ အခြားတပ်ဖွဲ့ဝင်များသေဆုံးရသမျှမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ယူကရိန်းလေးဦး၊ဆလိုဗက်ကီးယား သုံးဦး၊ ထိုင်းနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် နယ်သာလန်တို့မှ တစ်ဦးစီဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

အင်တာနက်။

ဇွန် ၁၄ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ထပ်မံစွပ်စွဲချက်များအပေါ် ဗြိတိန်အစိုးရဆက်လက်စစ်ဆေး

လန်ဒန် ဇွန် ၁၆

နိုင်ငံတကာ ကြက်ခြေနီကော်မတီထံမှ တိုင်တန်းချက်တစ်ရပ် ရရှိခဲ့ပြီးသည့်နောက် ဗြိတိသျှအစိုးရက အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ နောက်ထပ်စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် မေ ၁၄ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးသည့်နောက် ဖမ်းမိခဲ့သည့်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ တိုင်တန်းချက်တစ်ရပ်ကို နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာစီ)ထံမှ ရရှိခဲ့ကြောင်း ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အထိန်းသိမ်းခံများအား ထိန်းသိမ်းရေးစခန်းသို့ ရောက်ရောက်ချင်း ညှဉ်းပန်းနှိပ်စက်မှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်တစ်ရပ်ကို အိုင်စီအာစီမှ ရရှိခဲ့သည်ဟု မိမိတို့အတည်ပြုနိုင်ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အသုံးပြု

ထိန်းသိမ်းခံထားရသူများတွင် လုံ့စွပ်ဖြင့် ထိုးထားသည့်ဒဏ်ရာများ မည်သူ့တွင်မှ မရှိကြောင်း၎င်းက ပြောကြားသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များသည် မာဂျာအယ်လ်ကာဘာမြို့အနီး တိုက်ခိုက်မှုအပြီးတွင် လုံ့စွပ်များအသုံးပြုဖွယ်ရှိခဲ့သည်ဆိုသော သတင်းများကို ၎င်းက တုံ့ပြန်သည့်အနေဖြင့် ပြောကြားခဲ့သည်။

ဗြိတိသျှ ကင်းလှည့်တပ်ဖွဲ့အား ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ နောက်လိုက်များက တိုက်ခိုက်ခဲ့ပြီးသည့်နောက် အီရတ်နိုင်ငံသား ၁၄ဦး တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း ဗြိတိန်ကပြောကြားသည်။

အီရတ်နိုင်ငံအတွင်းသို့ လွန်ခဲ့သည့်နှစ်မှစ၍ ကျူးကျော်ဝင်ရောက်ခဲ့ပြီးချိန်ကတည်းက အရပ်သားများသေဆုံးခဲ့မှုသို့တည်းမဟုတ် ထိခိုက်ဒဏ်ရာရရှိမှု စုစုပေါင်း ၇၅မှုကို ဗြိတိန်အစိုးရက စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။

ဗြိတိသျှရှေ့နေချုပ် လော့ဒ်ဂိုးစမစ်က အီရတ်အကျဉ်းသားများအား မတော်တရော် နှိပ်စက်ညှဉ်းပန်းမှုကျူးလွန်ခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးကို စွဲချက်တင်မည်ဟု တနင်္လာနေ့က ကြေညာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် တိုက်ခိုက်မှုအရှိန်ကိုမြှင့်တင်လိုက်ပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံများကို တိုး၍ တိုက်ခိုက်လာကြသည်။ ပြီးခဲ့သောအင်္ဂါနေ့က ရေနံပိုက်လိုင်းနှစ်လိုင်းကို ဖောက်ခွဲလိုက်ကြသည့်အတွက် အီရတ် ရေနံတင်ပို့မှုလုပ်ငန်း ထိခိုက်သွားရသည်။

သေနတ်သမား အချို့ကလည်း အရပ်ဘက်ကန်ထရိုက်တာများ စီးနင်းလာသောယာဉ်တန်းကို တိုက်ခိုက်ခဲ့သောကြောင့် ကန်ထရိုက်တာအချို့ သေဆုံးသွားရသည်ဟု ဆိုသည်။

ဖောက်ခွဲ

ပါရှန်ပင်လယ်ကွေ့မှ တစ်ဆင့် တင်ပို့နေသော ရေနံပမာဏသည် ထက်ဝက်မျှ ကျဆင်းသွားသည်။ ရေနံပိုက်လိုင်းနှစ်လိုင်းကို ဖောက်ခွဲလိုက်သောနေရာသည် အီရတ်တောင်ပိုင်းရှိ ဖော်ကျွန်းဆွယ်နေရာတွင် ဖြစ်သည်။ ပေါက်ကွဲမှုမဖြစ်ပွားမီက နေ့စဉ် ရေနံစိမ်း စည်၁၃သမ၈၅ သန်းပြည်ပသို့ တင်ပို့လျက်ရှိသော်လည်း ယခုအခါ နေ့စဉ် စည်ပေါင်း ၈၀၀၀၀၀ ကျော်သာ တင်ပို့နိုင်တော့ကြောင်း သိရသည်။

အီရတ်နိုင်ငံသည် ဇွန်လ ရေနံတင်ပို့ရောင်းချမှုကို တစ်ရက်လျှင် ရေနံစိမ်းစည် နှစ်သန်းတင်ပို့ရန်ရည် မှန်းထားသည်။ သို့ရာတွင် ယခုဖြစ်ပွားသော ရေနံပိုက်လိုင်း တိုက်ခိုက်မှုကြောင့် ဖော်ပြပါ ရည်မှန်းချက်ကိုပြည့်မီအောင် ဆောင်ရွက်နိုင်မည့် အခြေအနေမရှိတော့ကြောင်း ရေနံလုပ်ငန်း လေ့လာဆန်းစစ်သူ ပေါလ်ဟော့စ်နယ်က ပြောကြားသည်။ ၎င်းသည် လန်ဒန်မြို့ရှိ ဘာကလေကက်ပီတယ် စွမ်းအင်သုတေသနဌာနမှ ပညာရှင်တစ်ဦးဖြစ်သည်။

ဆိုးရွား

အီရတ်နိုင်ငံ၏ စီးပွားရေးသည် ဆယ်စုနှစ်များစွာ စစ်ဖြစ်ခဲ့ရသောအခြေအနေ၊ စီးပွားရေးပိတ်ဆို့ခံထားရသော အဖြစ်အပျက်နှင့် ဆက်ဒမ်အစိုးရလက်ထက်က ဖြစ်ရပ်များကြောင့် ဆိုးရွားလျက်ရှိသည်။ ထို့ကြောင့် အီရတ်၏ စီးပွားရေး ပြန်လည်ခေါင်းထောင်လာစေရေးအတွက် ရေနံတင်ပို့ရောင်းချနိုင်ရေးကိစ္စမှာ အရေးပါလှသော ကိစ္စတစ်ရပ်ဖြစ်သည်။ အီရတ်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ရေနံသိုက်ပမာဏ ဒုတိယအကြီးဆုံး ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။

သို့ရာတွင် အီရတ်၏ ရေနံလုပ်ငန်းများသည် မကြာခဏ တိုက်ခိုက်ခံနေရသောကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် အီရတ်နိုင်ငံသည် ရှေ့တန်းသို့ ပြန်လည်၍ တက်လှမ်းလာနိုင်သည့် အခြေအနေမရှိသေးဘဲ ဖြစ်နေသည်ဟု ဆိုသည်။

ရည်ရွယ်

ဇွန် ၃၀ ရက်တွင် သိမ်းပိုက်ရေးတပ်များထံမှ အချုပ်အခြာအာဏာ လွှဲပြောင်းယူမည့် အီရတ်ကြားဖြတ်အစိုးရ အားပျော့သွားပြီး ယုံကြည်မှုလျော့ပါးသွားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ရေနံလုပ်ငန်းများကို တိုက်ခိုက်ဖျက်ဆီးနေဟန်ရှိသည်ဟု ဆိုသည်။

ပြီးခဲ့သော တနင်္လာနေ့က ဘဂ္ဂဒက်တွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သည့်အတွက် နိုင်ငံခြားသား အင်ဂျင်နီယာသုံးဦးအပါအဝင် လူ ၁၃ ဦး အသက်ဆုံးရှုံးသွားကြသည်။

ဘဂ္ဂဒက်မြို့တွင် ကုန်ခဲ့သော အင်္ဂါနေ့ကလည်း ကန်ထရိုက်တာများပါသော ယာဉ်တန်းကို ချုံခိုတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သေးသည်။

ထိုတိုက်ခိုက်မှုတွင် လူအချို့ သေဆုံးသွားခဲ့ရကြောင်း ဗိုလ်မှူးချုပ် မက်တ်ကင်းမစ်က ပြောကြားသည်။ ၎င်းသည် အီရတ်ရှိ အမေရိကန်တပ်များ၏ စစ်ဆင်ရေးဆိုင်ရာ ဒုတိယအကြီးအကဲဖြစ်သည်။ ကင်းမစ်က ချုံခိုတိုက်ခိုက်မှုနှင့် ပတ်သက်သော အသေးစိတ်အချက် အလက်များကို ပြောကြားခဲ့ခြင်းမရှိပေ။

အဆိုပါ အင်္ဂါနေ့၌ပင် ဘဂ္ဂဒက်တောင်ဘက် ဟီလာအရပ်၌ ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် အီရတ်တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရသွားကြောင်း စစ်ဘက်ကဆိုသည်။ ထို့အပြင် သေနတ်သမားတစ်ဦးပစ်ခတ်သဖြင့် အီရတ် ရဲအရာရှိတစ်ဦးလည်း သေဆုံးခဲ့ရသေးကြောင်း သိရသည်။

အင်တာနက်။

ဇွန် ၁၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနောက်ဘက် ဆင်ခြေဖုံးဒေသရှိ လမ်းတစ်လမ်းပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်လျော့နည်းမလာနိုင် ဇွန် ၃၀ ရက်နောက်ပိုင်း အခြေအနေပိုမိုဆိုးရွားလာနိုင်ဟု သတိပေး

ဝါရှင်တန် ဇွန် ၁၆

ကမ္ဘာတစ်ဝန်းလုံးရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်နွှဲမှုသည် ကင်ဆာရောဂါကို တိုက်ဖျက်ရသည်နှင့် အလားသဏ္ဌာန်တူကြောင်း၊ အီရတ်အစိုးရအဖွဲ့အား ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းပြီးသည့်နောက် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်လျော့နည်းသွားနိုင်စရာ လမ်းမမြင်ကြောင်းဖြင့် အမေရိကန်စစ်ဘက် ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက အင်္ဂါနေ့တွင် သတိပေးပြောကြားလိုက်သည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ဘေးအန္တရာယ် ပိုမိုကင်းရှင်းလာနိုင်သည်ဟု မိမိမထင်မိကြောင်း၊ ဇွန် ၃၀ ရက်နောက်ပိုင်း ပိုမိုအခြေအနေဆိုးကာ အန္တရာယ်ကြီးမားလာနိုင်သည်ဟု မိမိတွေးထင်ထားကြောင်း တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပီတာစကူးမိတ်ကာက သတင်းထောက်များအား ပြောကြားသည်။

တိုက်ခိုက်

ဘုရှ်အစိုးရက အီရတ်စစ်ပွဲဆင်နွှဲခဲ့ပြီး ပြောက်ကျားများ တိုက်ခိုက်ခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ရသည်။ စက်တင်ဘာ ၁၁ ရက်က အမေရိကန်ပြည်ထောင်စု အတိုက်ခံရပြီးသည့်နောက် အကြမ်းဖက်ဝါဒအပေါ် စစ်ဆင်နွှဲခဲ့ရာ ရှေ့တန်းဗဟို စစ်မျက်နှာတစ်ရပ်ဖြစ်ခဲ့ရသည်။

မသိ

မည်သည့်အချိန်ရောက်မှ မိမိတို့ ပန်းခင်းသည့်လမ်းကို လျှောက်လှမ်းရမည်မသိကြောင်း၊ အနောက်အုပ်စုကို စုစည်း တိုက်ခိုက်နေသည့် အစွန်းရောက် အစ္စလမ္မစ် ပြောက်ကျားများသည် လူပေါင်း ထောင်ချီသတ်နိုင်စွမ်းရှိသော အဖျက်စွမ်းအားကြီး အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ ရရှိသွားနိုင်ကြောင်း စကူးမိတ်ကာက ပြောကြားသည်။

ခံစားခဲ့ပြီး

အကြမ်းဖက်အန္တရာယ်၏ ခြိမ်းခြောက်မှုအခြေအနေကြောင့် ယခုလက်ရှိ အခြေအနေထက် ပိုမိုအန္တရာယ်ရှိနိုင်သည့်အချိန်ကို မိမိမမြင်မိကြောင်း၊ ယခင်ကဖြစ်ပွားခဲ့သည့် စစ်ပွဲများ၏ ဒဏ်ရာဒဏ်ချက်များကို တစ်ထွေးကြီးခံစားခဲ့ပြီးကြောင်း၊ သို့ရာတွင် ၎င်းတို့ကို ကုစားပြီးခဲ့ကြောင်း စသည်ဖြင့် စကူးမိတ်ကာက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မြို့တော်ဘဂ္ဂဒက်ရှိ ကားဗုံးပေါက်ကွဲရာနေရာတွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

ကန်တပ်ဖွဲ့ဝင်များ အီရတ်၌ လုံးဝမရှိမှ ပြည်သူတို့ဘဝ တည်ငြိမ်အေးချမ်းလာမည်ဟုဆို

ဝါရှင်တန် ဇွန် ၁၅

အမေရိကန်ထောက်ခံသည့် အစိုးရက အီရတ်နိုင်ငံသားများအား စစ်တမ်းတစ်ရပ်ကောက်ယူရာ ဘုရှ်အစိုးရအုပ်ချုပ်မှု လက်အောက်ဝယ် အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ် လုံးလုံးလျားလျား ပေါ်ပေါက်နေသည်ကို တွေ့ရပြီး အီရတ်ပြည်သူတစ်ဝက်ကျော်က အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် လုံးဝမရှိမှ ၎င်းတို့၏ ဘဝသည် ပိုမိုဘေးကင်းရန်ကင်းကာ အေးချမ်းလာမည်ဟု ယုံကြည်ကြကြောင်း ထုတ်ဖော်ပြောကြားကြသည်။

ပြုမူကျင့်ကြံတတ်

ယင်းလူထုသဘောထား စစ်တမ်းကို အပေါင်းပါတပ်ဖွဲ့ ယာယီအုပ်ချုပ်ရေးအဖွဲ့က လွန်ခဲ့သည့်လက ကောက်ယူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အမေရိကန် ပြည်သူလူထုအား ထုတ်ပြန်ခဲ့ခြင်းမရှိခဲ့ပေ။ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါသည် လူထုအတွင်း ရေပန်းစားလျက်ရှိနေပြီး ၉၂ ရာခိုင်နှုန်းသော အီရတ်ပြည်သူလူက အမေရိကန်အား အီရတ် သိမ်းပိုက်ရေးတပ်ဖွဲ့များဟု ထင်မြင်လျက်ရှိကာ အမေရိကန် နိုင်ငံသားအားလုံးသည် အဘူဂါရိပ် အကျဉ်းထောင်မှ အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရသည့် ဓာတ်ပုံထဲကပုံစံမျိုး ပြုမူကျင့်ကြံတတ်သည်ဟု ယုံကြည်နေကြကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

အေဘီသတင်းဌာနက ယင်းသဘောထား စစ်တမ်းမိတ္တူကို လက်ခံရရှိထားပြီး အီရတ်မူဝါဒ ဖော်ဆောင်ရာတွင် ပါဝင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ပြသခဲ့သည်။ အီရတ်ပြည်သူလူထုအား အာဏာလွှဲပြောင်းရေးနှင့် အီရတ်ပြည်သူများအား လုံခြုံရေးတာဝန်များ လွှဲပြောင်းပေးရေးသည် မကြာမီအချိန်ကာလအတွင်း ပေါ်ပေါက်နိုင်ဖွယ်မရှိကြောင်း အဆိုပါတာဝန်ရှိ ပုဂ္ဂိုလ်များက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

၆၃ ရာနှုန်း အီရတ်ပြည်သူလူထုသည် အီရတ်ကြားဖြတ်အစိုးရက ဇွန် ၃၀ ရက်တွင် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးချိန်တွင် အခြေအနေများ တိုးတက်လာနိုင်သည်ဟု ယုံကြည်လျက်ရှိနေကြပြီး ၆၂ ရာနှုန်းသော ပြည်သူလူထုက အီရတ်ရဲတပ်ဖွဲ့နှင့် စစ်တပ်က အမေရိကန်တပ်ဖွဲ့ဝင်များ မပါဘဲ လုံခြုံရေးအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ကြောင်း နိုင်ငံခြားရေးဌာနမှ အရာရှိဟောင်းတစ်ဦးဖြစ်သူ ဒေါ်နယ်ဟင်မီတန်က ပြောကြားသည်။

အင်တာနက်။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

အီရတ်ပြန်လည်တည်ဆောက်ရေး ဒေါ်လာ ၃၇ ဒသမ ၅ ဘီလျံ လိုအပ်မည်

ကိုင်ရို ဇွန် ၁၆

လာမည့်ငါးနှစ်အတွင်း အီရတ်နိုင်ငံ ပြန်လည် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅ ဘီလျံ လိုအပ်မည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အီဂျစ်နိုင်ငံပိုင် အယ်ဟာရမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အဆိုပါ ကိန်းဂဏန်းများသည် ကမ္ဘာ့ဘဏ်က မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာချက်များအပေါ် အခြေခံထားကြောင်းနှင့် အခက်အခဲများရှိနေသေးသော်လည်း အီရတ်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို မကြာမီဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ဂျိုးဆက်ဆာဘာက ပြောကြားသည်။ ၎င်းသည် ကမ္ဘာ့ဘဏ်၏ အီရတ်နိုင်ငံဆိုင်ရာ အရေးပါသည့် တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည်။

အင်တာနက်။

ကြေးမုံ The Mirror
အီရတ်မြင်ကွင်း

ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းရာ အီရတ် မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးနေသည့် အဆောက်အအုံတစ်ခုရှေ့ရှိ ယာဉ်တစ်စီးပေါ်တွင် အောင်ပွဲခံနေသည့် အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးတွင် တိုက်ခိုက်မှုဖြစ်ပွား ပြီးနောက် ဒဏ်ရာရရှိသူ အီရတ်လူငယ်လေးတစ်ဦးကို ဇွန် ၁၁ ရက်က ဆေးရုံတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးရုံသို့ ပို့ဆောင်

ဘဂ္ဂဒက် မြို့လယ်တွင် ကားဗုံး ပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ဇွန် ၁၄ ရက်က ဆေးရုံသို့ ပို့ဆောင်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁၀ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁၅ ရက်က အီရတ်နိုင်ငံ ဖောမြို့မြောက်ဘက်တွင် မီးလောင်နေသည့် ရေနံပိုက်လိုင်းကို အီရတ် မီးသတ်သမားများက မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက် သစ်လွင် မြန်ပြည် တစ်ခွင်

စံပြကျေးရွာ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ်၊ မိုင်းလီ စံပြကျေးရွာရှိ အိမ်ရာများကို သပ်ရပ်လှပစွာ တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာတွင် တည်ဆောက်ထားသည့်တောင်သူလယ်သမားဆေးရုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဝက်ချုပ်ကုန်းရေကန်

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဝက်ချုပ်ကုန်းကျေးရွာတွင် ကျေးလက်ရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန် တူးဖော်ထားသည့် ဝက်ချုပ်ကုန်းရေကန်ကို တွေ့ရစဉ်။

ဓာတ်ပုံ-မိုးကို(သစ်တော)

ပင်းခါး ကျေးလက်တံတား

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ ပင်းခါး ကျေးလက်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဤသို့ ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

တက္ကသိုလ်၊ ကောလိပ်များကို ခိုင်ခိုင်ညားညား ထည်ထည်ဝါဝါ တည်ဆောက်ထူထောင်

ဆရာ၊ ဆရာမများ ပညာရည်မြင့်မားရေးနှင့် သင်ထောက်ကူပစ္စည်းများ ခေတ်မီရေး ဖြည့်ဆည်းပေးလျက်ရှိ

☆ နယ်စပ်ဒေသများမှ

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ရေရှည်မျှော်မှန်းချက်များချမှတ်၍ အနှစ် ၃၀ နှစ်ရှည်စီမံကိန်းအဖြစ် အပိုင်းလိုက် စတင်အကောင် အထည်ဖော်လျက်ရှိကြောင်း။

ဇွန်လ ၂ရက်နေ့မှစ၍ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပြီဖြစ်ကြောင်း၊ ကျောင်းများ မဖွင့်မီ အခြေခံပညာအဆင့် နှီးနှောဖလှယ်ပွဲနှင့် အဆင့်မြင့်ပညာအဆင့် နှီးနှောဖလှယ်ပွဲများကိုလည်း နှစ်စဉ်နှစ်တိုင်း မိမိတို့ကျင်းပပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာနအောက်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရှင်များက စုပေါင်း၍ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည်များကို အပြန်အလှန်ဆွေးနွေး အကြံပြုနိုင်ခဲ့ကြောင်း၊ ယင်းနှီးနှောဖလှယ်ပွဲများက ပညာရေးနှင့်စပ်လျဉ်းသည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ပီပီပြင်ပြင်ချမှတ်နိုင်ခဲ့ပြီး ပညာရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

ကွာဟမှုလျော့နည်းကျဆင်း

ထို့ကြောင့်ယခင်ကမြို့ပြနှင့်ကျေးလက်ဒေသအကြား၊ နယ်စွန်နယ်ဖျားနှင့် အတွင်းပိုင်းဒေသများအကြား ပညာရေးကွာဟချက် ကြီးမားနေခဲ့ရမှုများကို သိသိသာသာ လျော့နည်းကျဆင်းသွားအောင် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း။

ဤသည်မှာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခြင်း၊ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို အထူးစီမံကိန်း ချမှတ်၍ ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူအများစုကြီး နေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကြားကွက်လပ်မကျန် ဖွံ့ဖြိုးလာစေရေးအတွက် ဖွံ့ဖြိုးရေး ဒေသ ၂၄ခု တိုးချဲ့သတ်မှတ်ပြီး ဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း အားကြိုးမာန်တက် ပေါင်းစပ်အကောင်အထည်ဖော်နိုင်သဖြင့် အစွန်အဖျားဒေသများ၊ အတွင်းပိုင်းဒေသများနှင့် ကျေးလက်ဒေသများ ပါမကျန် ပညာရေးကဏ္ဍမှာ သိသာစွာဖြန့်ကြက်ပြီး တိုးတက်အောင်မြင်မှုများ ရရှိလာခြင်းဖြစ်ကြောင်း။

အလေးပေးဆောင်ရွက်ခဲ့

ဤနေရာ၌ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်၌လည်းကောင်း၊ မိမိအပါအဝင် လူကြီးများ၏ ခရီးစဉ်များ၌လည်းကောင်း ပညာရေးကဏ္ဍနှင့်စပ်လျဉ်းပြီး လိုအပ်ချက်များအပေါ် သီးခြားဖြည့်ဆည်း ပေးခဲ့သည်များလည်း များစွာရှိခဲ့ကြောင်း၊ ထို့ပြင် နယ်မြေဒေသများမှ ပြည်သူများ၏တင်ပြချက်များအပေါ် စိစစ်ဖြည့်ဆည်းပေးခဲ့သည်များလည်း ရှိကြောင်း၊ ဤကဲ့သို့ အလေးပေးဆောင်ရွက်ပေးမှုများကြောင့် ပညာရေးကဏ္ဍသည် တိုတောင်းသော အချိန်ကာလအတွင်း ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်ကြောင်း။

နယ်မြေဒေသတာဝန်ခံများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းဝင်များ၊ ပြည်သူများနှင့် ဆရာ၊ ဆရာမများ၏ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်မှုအားကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီဟု ဆိုနိုင်ကြောင်း၊ ငွေကြေးချို့တဲ့၍ ကျောင်းမနေနိုင်သည့်ကလေးများကို ကျောင်းနေနိုင်အောင် မိမိတို့စည်းရုံးလှုံ့ဆော် စီမံပေးနိုင်ခဲ့ကြောင်း။

တည်ဆောက်ထူထောင်

အလားတူပင် အဆင့်မြင့်ပညာရေးကဏ္ဍ၌လည်း တက္ကသိုလ်၊ ကောလိပ်များကို ခိုင်ခိုင်ညားညား ထည်ထည်ဝါဝါ တည်ဆောက်ထူထောင်ပေးပြီး ဆရာ၊ ဆရာမများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးနှင့် သင်ကြားပို့ချမှုဆိုင်ရာ အထောက်အကူပစ္စည်းများ ခေတ်မီရေးတို့ကိုလည်း တစ်ပြိုင်တည်း ဖြည့်ဆည်းစီမံပေးလျက်ရှိကြောင်း။

ခြုံလိုက်လျှင် အခြေခံပညာအဆင့်ရော၊ အဆင့်မြင့်ပညာ အဆင့်မှာပါ ခေတ်စနစ်နှင့်အညီ တိုးတက်အောင်မြင်မှုများရရှိအောင်၊ တိုင်းပြည်အတွက် အဓိကအရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာအောင် အားရဖွယ်ရာ အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း။

ယင်းသို့ အားရဖွယ်ရာ တိုးတက်ဖွံ့ဖြိုးမှုများရရှိလာသည်မှာ မိဘပြည်သူများ၊ စေတနာအလှူရှင်များ၏ အားတက်သရော ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် မြန်မာနိုင်ငံပညာရေးကော်မတီ(၂/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုများကြောင့် ပညာရေးကဏ္ဍ၌ အောင်မြင်တိုးတက်မှုများ ရရှိခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ အရှိန်အဟုန်မကျစေဘဲ တိုးတက်အောင်မြင်မှုများ ရရှိအောင် ဟန်ချက်ညီညီ ပူးပေါင်းအားထုတ်ကြိုးစားသွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အတည်ပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းကို အတည်ပြုကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ပညာရေးကဏ္ဍ အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်း(၂၀၀၀-၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ) အောင်မြင်စွာ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ အထူးလေးနှစ်စီမံကိန်းကို ရေးဆွဲပြီး အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

အခြေခံပညာကဏ္ဍတွင် အထူးလေးနှစ်စီမံကိန်း စတင်သည့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစ၍ အခြေခံပညာ သင်ရိုးမာတိကာများ အဆင့်မီစေခြင်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်၊ အခြေခံပညာပြီးဆုံးမှုနှင့် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခြင်း၊ သင်ကြားမှု၊ သင်ယူမှု အခန်းများဖွဲ့စည်းအသုံးပြုခြင်း၊ ဆရာအတတ်သင် ပညာဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ ဘက်စုံပညာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ နိုင်ငံသားတိုင်း မူလတန်းအဆင့်ပြီးဆုံးသည်အထိ သင်ယူနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ခြောက်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်း ဒုတိယနှစ်ဖြစ်သည့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် ပညာရေးစီမံကိန်းလုပ်ငန်းကဏ္ဍ ခြောက်ရပ်ကိုအခြေခံ၍ စီမံကိန်းလုပ်ငန်းစဉ် ၁၀ရပ်အဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပညာရေးစနစ်ဖြစ်ထွန်းရေး၊ နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်ရေး၊ အခြေခံပညာရေး အရည်အသွေး မြင့်မားရေး၊ အခြေခံပညာရေးအဆင့်အလိုက် အကြိုသက်မွေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ယူခွင့်ရရှိရေး၊အီလက်ထရွန်းနစ်ပညာရေး (e-Education) ကိုဦးတည်၍ ခေတ်မီဆက်သွယ်ပို့ချမှု နည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များ သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ ပိုမိုတိုးတက်စေရေး၊ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်ပေးရေး၊ ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေး၊ မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို တိုးချဲ့လုပ်ကိုင်ခဲ့ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းလုပ်ငန်းစဉ်များကို အားဖြည့် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ကျင်းပ၍ အခြေခံပညာရေး ကိုယ်စားလှယ်များဖြင့် ဆွေးနွေးဆုံးဖြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အခြေခံပညာအဆင့်အလိုက် စီမံကိန်း လုပ်ငန်းဆိုင်ရာ စီမံချက်များနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် သက်ဆိုင်ရာ အခြေခံပညာ ဦးစီးဌာနများမှ တာဝန်ရှိသူများ ကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် အခြေခံပညာ ကဏ္ဍ အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း လုပ်ငန်းစဉ်များကို ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ကျင်းပပြီးစီးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အဆိုပါ ပြပွဲကို Main Theme အဖြစ် **အစဉ်သင်ယူလေ့လာနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတည်ဆောက်ခြင်း၊ အခွင့်အလမ်းပွင့် အရည်အသွေးမြင့် ပညာခေတ်ဖြာလေးနှစ်တာခရီး** သတ်မှတ်ကာ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ချက်များကို စိန်ရတုခန်းမ၌ အထပ်လိုက်ပြခန်းများဖြင့် ပြသခဲ့ပါကြောင်း။

အခြေခံပညာကဏ္ဍအနေဖြင့် ပြခန်းများကို စိန်ရတုခန်းမ၌ အထူးလေးနှစ်စီမံကိန်း လုပ်ငန်းစဉ်များနှင့် စာရင်းအင်းပြခန်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ပြခန်း၊ ဘဝတွက်တာကျွမ်းကျင်စရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်မှုပြခန်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး အကောင်အထည်ဖော်မှုပြခန်း၊ မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုပြခန်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပြုစုပျိုးထောင်ရေး ဆောင်ရွက်မှုပြခန်း၊ ဆရာအတတ်ပညာဖွံ့ဖြိုးရေး ဆောင်ရွက်မှုပြခန်း၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ အသုံးပြုသင်ကြားမှုပြခန်း၊ သိပ္ပံလက်တွေ့ လေ့ကျင့်မှုပြခန်း၊ တွဲဖက်သင်ရိုးဝင်ဘာသာရပ် သင်ပြမှုပြခန်းများ၊ လူတိုင်းအတွက် ပညာရေးလုပ်ငန်းဆောင်ရွက်မှုပြခန်း၊ ကျောင်းပြင်ပ ပညာရေးဆောင်ရွက်မှုပြခန်း၊ ITအသုံးပြုသင်ပြမှုပြခန်း၊ ပညာရေးပတ်ဝန်းကျင်နှင့် အဆောင်အယောင်များပြခန်းများကို ခင်းကျင်းပြသခဲ့ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခေတ်ဖြာဟူသော လုပ်ငန်းကြီးသုံးရပ်ကို အခြေခံ၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ၊ နည်းပညာအသုံးပြုမှုဆိုင်ရာ ကဏ္ဍ၊ သုတေသန လုပ်ငန်းများဆိုင်ရာကဏ္ဍ၊ စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ၊ ပညာရည်အဆင့်မြှင့်တင်မှုဆိုင်ရာကဏ္ဍ၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကဏ္ဍခြောက်ရပ်ဖြင့် ခင်းကျင်းပြသခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဦးသန်းအောင်က နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်စေရေး အတွက် အခြေခံပညာကျောင်းခွဲ၊ တွဲဖက်ကျောင်းနှင့် မူလတန်းလွန် ကျောင်းများကို ကျောင်းအဆင့်(သို့မဟုတ်) ကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အထိနှင် သုံးနှစ်တာကာလအတွင်း အခြေခံပညာသင်ကျောင်း ၅၉၁၇ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရန်နှင့် ဆရာနှင့် ဝန်ထမ်းအင်အား ၂၁၀၆၀ ဦးတို့အား တိုးချဲ့ခန့်အပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ မူလတန်း လွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှုမှာ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အထိ စုစုပေါင်း ကျောင်းပေါင်း ၄၇၈၈ ကျောင်းဖြစ်ကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးဦးသန်းအောင်က အခြေခံပညာကျောင်းသစ်ဖွင့်လှစ်မှုနှင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်မှု အခြေအနေကို ရှင်းလင်းတင်ပြရာတွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာမှ ၂၀၀၄ခုနှစ် ဇွန် ၁၅ရက်အထိ တိုးမြှင့်ဖွင့်လှစ်နိုင်မှု အခြေအနေမှာ အစီရင်ခံတင်ပြသည့် ခြောက်လတာကာလအတွင်း အထက်တန်းကျောင်းအဆင့်သို့ ၄၀ ကျောင်း၊ အထက်တန်းကျောင်းခွဲ အဆင့်သို့ ၆၀ကျောင်း၊ အလယ်တန်းကျောင်းအဆင့်သို့ ၆၉ကျောင်း၊ အလယ်တန်းကျောင်းခွဲအဆင့်သို့ ၂၆ကျောင်း၊ မူလတန်းလွန်ကျောင်းအဆင့်သို့ ၉၆၂ကျောင်းနှင့် မူလတန်းကျောင်းအဆင့်သို့ ၁၀၀ကျောင်း၊ စုစုပေါင်း ၁၂၅၇ကျောင်းကို အဆင့်တိုးမြှင့်ပေးခြင်း၊ ကျောင်းသစ်ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုအခါ အထက်တန်းအဆင့်အထိ သင်ကျောင်း ၁၈၉၅ကျောင်း၊ အလယ်တန်းအဆင့်အထိသင်ကျောင်း ၃၀၄၀ကျောင်း၊ မူလတန်းလွန်အဆင့်ထိသင်ကျောင်း ၄၇၈၈ကျောင်း၊ မူလတန်းအဆင့်သင်ကျောင်း ၃၀၇၈၂ကျောင်း စုစုပေါင်း ၄၀၅၀၅ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✪ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် လိုအပ်သောအချက်များဖြစ်ကြောင်း၊ မအီဒေသသည် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်မှု အပြည့်အဝရှိသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း၊ စီးပွားရေး ကောင်းမွန်စေရန်အတွက်လည်း အခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရန်လိုကြောင်း၊ မိုးစပါးကို စောစောစိုက်၍ စောစောရိတ်သိမ်းပြီး ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေနှစ်ဆတိုးပြီး စီးပွားရေးကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့် ပတ်သက်၍ ဒေသကြက်များကို အိမ်တိုင်းမွေးမြူကြရန်လိုကြောင်းနှင့် မိမိတို့ရပ်ရွာဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ ဝိုင်းဝန်းဆောင်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ရန်ကုန်–ကျောက်ဖြူလမ်း စီမံကိန်း(မအီ–မင်းကြောင်းအပိုင်း) တွင်ဒီရေရောက်ရွှံ့ညွန်တောအတွင်း၌ Geotextile မြေအားဖြည့်ခြင်းနည်းပညာဖြင့် စတင်လမ်းခင်းဆောင်ရွက်သည့် မိုင်တိုင်(၈/၁) သို့ ရောက်ရှိပြီး အဆိုပါနေရာ၌ ရေချိုကန်တူးဖော်မှုနှင့် တူးဖော်ရရှိသည့် မြေသားနှင့် ကျောက်များကို လမ်းခင်းရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရန်ကုန်–ကျောက်ဖြူလမ်း စီမံကိန်း (မအီ–မင်းကြောင်းအပိုင်း) ဒီရေရောက် ရွှံ့ညွန်တောအတွင်း Geotextile နည်းပညာဖြင့် ဖို့မြေလမ်းကို အမာခံလမ်းအဖြစ် တည်ဆောက်ပြီးစီးမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

လုံးတော်ပေါက်တံတား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ လုံးတော်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လုံးတော်ပေါက်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် အမ်းမြို့နယ်ရှိ လုံးတော်ပေါက် တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ထွဋ်က စီမံကိန်းလုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရေလယ်တိုင်နှင့် ကမ်းကပ်တိုင်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စီမံကိန်းလုပ်ငန်းခွင်အတွင်းလှည့်လည်ကြည့်ရှု စစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများပြီးစီးရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သံသမကြီးတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရမ်းဗြဲမြို့နယ်ရှိ သံသမကြီးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အမှုဆောင်အင်ဂျင်နီယာ ဦးသီလက ရေလယ်တိုင်များ၊ ခန်းဖွင့်များ တည်ဆောက်နေမှု၊ စီမံကိန်းလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

သံသမချေတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရမ်းဗြဲမြို့နယ်ရှိ သံသမချေတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အထူးအဖွဲ့(၁၃)မှအင်ဂျင်နီယာမှူးဦးမြင့်လွင်က စီမံကိန်းစတင်သည့် ၂၀၀၃ ခုနှစ်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရမ်းဗြဲမြို့နယ်ရှိ သဇင်တန်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မင်းကြောင်းချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်ရှိ မင်းကြောင်းချောင်းတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးတင်စိုးက လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ သတ်မှတ်ကာလ အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

တောင်ကုတ်–မအီ–ကျောက်ဖြူ လမ်းအပိုင်းတွင် ပေ ၁၈၀ အထက် မြစ်ကူးတံတား ၁၄ စင်း တည်ဆောက်လျက်ရှိသည့်အနက် ရှစ်စင်းတည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး တံတားခြောက်စင်းမှာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ဆက်လက်တည်ဆောက်နေဆဲဖြစ်ကြောင်း သိရှိရသည်။

လမ်းခင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မင်းကြောင်းချောင်းတံတားတည်ဆောက်ရေးစီမံကိန်းမှ အပြန်လမ်းခရီး၌ မိုင်တိုင် အမှတ်(၁၃/၁)ရှိ တံတားချဉ်းကပ်လမ်းတွင် စက်ယန္တရား အသုံးပြု၍ ရွှံ့ညွှန်တောတွင် Geotextile နည်းဖြင့် လမ်းခင်းဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆောင်ရွက်ပြီးစီးမှု

ရန်ကုန်–ကျောက်ဖြူလမ်း (တောင်ကုတ်–မအီလမ်းအပိုင်း)သည် အရှည် ၄၂ မိုင် လေးဖာလုံရှိပြီး ပေ ၄၀ အကျယ်လမ်းချဲ့ခြင်း၊ ၁၀၀ ရာခိုင်နှုန်း လမ်းမြေ အနိမ့်အမြင့် မြေညှိခြင်းလုပ်ငန်း ၃၀ ရာခိုင်နှုန်း၊ ခြောက်လက်မအထူ ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြပြီး တောင်ကုတ်မြို့သို့ ရောက်ရှိကြသည်။ ဆက်လက်၍ တောင်ကုတ် တပ်နယ်ခန်းမတွင် တောင်ကုတ်တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ လူမှုရေး၊ကျန်းမာရေး၊ သက်သာချောင်ချိရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူအဆင့်ဆင့်က ဆောင်ရွက်ပေးရေးတို့ကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

မင်းကြောင်းချောင်းတံတားကြီး

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မင်းကြောင်းချောင်း တံတားကြီးအား တွေ့ရစဉ်။

(သတင်းစဉ်)

မလေးရှားအမျိုးသားမြင်းစီးအားကစားပွဲတော်တွင် အောင်ပွဲရမြန်မာမြင်းစီးအားကစားအဖွဲ့ အား ဂုဏ်ပြု

ရန်ကုန် ဇွန် ၁၇

မလေးရှားနိုင်ငံ ပီနန်ကျွန်း၌ ဇွန်၃ရက်မှ ၆ရက်အထိ ကျင်းပခဲ့သော မလေးရှား အမျိုးသားမြင်းစီးအားကစားပွဲတော်တွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာမြင်းစီးအားကစားအဖွဲ့အား ဂုဏ်ပြုပွဲကို ယမန်နေ့ည၇နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ (PANDA HOTEL)၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘအုပ်ထိန်းသူများ၊ အောင်ပွဲရမြန်မာ မြင်းစီးအားကစားအဖွဲ့မှ အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်ပွဲရမြန်မာမြင်းစီးအားကစားအဖွဲ့ အုပ်ချုပ်သူ ဦးငြိမ်းကျော်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်တစ်ဆုနှင့် ကြေးတံဆိပ်တစ်ဆုရ မအိသက်မွန်အား ဂုဏ်ပြုဆုငွေကျပ်သုံးသိန်း နှစ်သောင်း၊ ရွှေတံဆိပ်တစ်ဆုရ မအေးသက်တာအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း၊ ငွေတံဆိပ်တစ်ဆုရ မောင်အောင်သူရထွန်းအား ဂုဏ်ပြုဆုငွေကျပ်ခုနစ်သောင်းနှင့် ကြေးတံဆိပ်တစ်ဆုရ မစုစုပုလဲအား ဂုဏ်ပြုဆုငွေကျပ်ငါးသောင်း အသီးသီး ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကိုယ်စား ရွှေတံဆိပ်နှစ်ဆုရရှိသူ မအိသက်မွန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မလေးရှားအမျိုးသားမြင်းစီးအားကစားပွဲတော်သို့ မြန်မာ၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အားကစားသမား ၁၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသားတစ်ဦး၊ အမျိုးသမီးခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်သုံးဆု၊ ငွေတံဆိပ်နှစ်ဆုနှင့် ကြေးတံဆိပ်နှစ်ဆု ရရှိခဲ့သည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၁၇

တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဟွေခိုက်ကျေးရွာ ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပွဲတော်ကို ဇွန်၅ရက် နံနက်၇နာရီတွင် ကျင်းပသည်။

စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပွဲတော်တွင် တာချီလိတ် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်လှနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုစုပေါင်း၂၀၀ခန့်တို့ ပါဝင်ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

*** ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် တောင်ခမ်း/တောင်ရှည်ကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်နေသည့် ဝက်ဝံ-တောင်ခမ်းလမ်း လမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဝက်ဝံ-တောင်ခမ်းလမ်း ဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်၊ လမ်းဖောက်လုပ်ပြီးစီးပါက ဒေသနေပြည်သူများ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ကို လျင်မြန်ချောမွေ့စွာ သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ယာဉ်စက်ယန္တရားကြီးများဖြင့် မိုင်တိုင်အမှတ် (၂၀/၀)အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဝက်ဝံ- တောင်ခမ်းလမ်း မိုင်တိုင်အမှတ် (၁၄/၂)ရှိ တောင်ထိပ်ရှုခင်းသာသို့ ရောက်ရှိကြပြီး ဝက်ဝံ-တောင်ခမ်းလမ်း လမ်းအူကြောင်း ဆက်လက် ရှာဖွေဖောက်လုပ်ရမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မူလဝက်ဝံ-နောင်ချိုလမ်းသည် ၂၂မိုင် လေးဖာလုံ၊ မူလနောင်ချို-တောင်ခမ်းလမ်းသည် မိုင်၂၀ လေးဖာလုံရှိပြီး မူလဝက်ဝံ-နောင်ချို-တောင်ခမ်းလမ်းသည် ၄၃မိုင်ရှည်သဖြင့် ယခုဖောက်လုပ်သည့် ဝက်ဝံ-တောင်ခမ်း တိုက်ရိုက်ဆက်သွယ်သောလမ်း မိုင် ၂၀ နှစ်ဖာလုံ ပြီးစီးပါက ခရီးအကွာအဝေး ၂၂မိုင်ခြောက်ဖာလုံ သက်သာလျော့နည်းသွားမည်ဖြစ်သည်။

ဒုဋ္ဌဝတီတံတား(နောင်ချို)

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့ကို ဆက်သွယ်သည့် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်း မိုင်တိုင်အမှတ် (၁၁၅/၄)ရှိ ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ခြင်း လုပ်ငန်းရှင်းလင်းဆောင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတား၏ တည်နေရာ၊ အမျိုးအစား၊ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ဘိလပ်မြေရရှိမှုအခြေအနေ၊ ရေလယ်တိုင်များနှင့် ကမ်းကပ်ခုံများ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်စီမံကိန်းတို့ကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ယှက်ထိုးပေါ်ထွန်း

ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်ချင်းဆက်သွယ်သည့် လမ်းများသာမက ရှမ်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်း ဆက်သွယ်သည့် လမ်းမကြီးများသည်လည်း လက်ယှက်ထိုး ပေါ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ရွှေညောင်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုသို့ ဆက်သွယ်သည့် လမ်းမကြီး မိုင်တိုင်အမှတ် (၁၁၅/၄)တွင် ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်လျက်ရှိကြောင်း။

အဆိုပါတံတား တည်ဆောက်ပြီးစီးပါက တောင်ကြီးမှ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို လမ်းမကြီးတစ်လျှောက်နှင့် ၎င်းလမ်းပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးတက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းခွင့်ရရှိခြင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ဖလှယ်နိုင်ခြင်း၊ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ခြင်းတို့ကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာလာမည်ဖြစ်ကြောင်း။

လွယ်လင့်တကူသွားလာနိုင်

ယခင်က နောင်ချိုမှ တောင်ကြီးသို့ သွားလာရာတွင် မန္တလေး၊ မိတ္ထီလာ၊ ရွှေညောင်ဘက်မှ ခရီးလမ်းရှည်လျားစွာ ကွေ့ပတ်သွားလာရသော ဒုက္ခမှ ကင်းဝေးပြီး ဤတံတားကြီးပြီးစီးသောအခါ အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း။

တံတားကြီး တည်ဆောက်ရာတွင် လမ်းအတက်အဆင်းများ ပြေပြစ်မှုရှိစေရေး၊ အကွေ့နေရာများတွင် လမ်းအကျယ် ၅၂ ပေ ရှိစေရေး၊ ချဉ်းကပ်လမ်းဖောက်လုပ်ရာတွင်လည်း လမ်းသားနှင့် တံတားဆက်စပ်မှု ပြေပြစ်ကောင်းမွန်စေရေး၊ တံတားကြီးကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ အလေအလွင့်မရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ တံတားကြီးရေရှည်တည်တံ့ရေးတို့အတွက် စေတနာထားလုပ်ဆောင်ကြရေး မှာကြားတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်မည့် ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေး လုပ်ငန်းခွင်ကိုလည်းကောင်း၊ ရေတံခွန်စီဆင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တံတားကြီးကို အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ဒုဋ္ဌဝတီတံတား(နောင်ချို)သည် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်းမိုင်တိုင် အမှတ်(၁၁၅/၄)တွင် တည်ရှိပြီး တံတားအရှည် ၄၆၈ ပေရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီနှင့် တံတား၏ ခွင့်ပြုအလေးချိန်မှာ ၃၆ တန်ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ခဲ့ကြောင်းသိရသည်။

နှစ်ပေါးစံပြကွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုပ်စုခါး လယ်ကျင်းတွေ့ကျေးရွာရှိ ဆင်းရွှေလီ အထူးအထွက်တိုး တစ်ဧကတင်း ၂၀၀ နှစ်ပေါးစံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နောင်ချိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက စပါးစိုက်ပျိုးရာတွင် အသုံးပြုသည့် သွင်းအားစု အခြေအနေများကိုလည်းကောင်း၊ ဒေသခံတောင်သူ ဦးအာလောကက နှစ်ပေါးစံပြ ၁၀ ဧက စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်နှင့် ရရှိမည့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တစ်ဧကတွင် အပင်အတန်းခြားပြီး စိုက်ပျိုးရေးနှင့် ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးကြရေး တောင်သူများအား မှာကြားသည်။

မိုးကုတ်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇွန် ၁၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္ဘာ့ဥာဏစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနာ့ဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင်မိုရ်ကျောင်းတိုက်၌ ဇွန် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ဝ)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က ဒေသခံတောင်သူများအား မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ရှိ တစ်ဧကတင်း ၂၅၀ကျော် ထွက်ရှိသည့် နှစ်ပေါးစံပြစိုက်ခင်းအား စရိတ်ငြိမ်း သွားရောက်ကြည့်ရှု လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် နှစ်ပေါးစံပြကွက်ကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်အဆုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အစ ခြေမြစ်ပင်ကျေးရွာအတွက် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၅၆/၁)ရှိ ဝက်ဝံ-တောင်ခမ်းလမ်း တောင်ခမ်းသို့ ၂၀ မိုင် နှစ်ဖာလုံအစပြုဖောက်လုပ်သည့် လမ်းဖောက်လုပ်သည့်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ပေ ၁၀၀ အကျယ်ရှိ တစ်ကြောင်းထိုး လမ်းအူကြောင်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြသည်။

ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်နယ်များသို့ ပေးပို့မည့် မီးသတ်ယာဉ်များ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနမှ (ရုံးချုပ်)၌ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာ အရာရှိများ ပြုပြင်တည်ဆောက်ထားသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် မြေပုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့များသို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ်နှစ်စီး၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်တပ်ဖွဲ့သို့ ထုတ်ပေးမည့် တီအီး မီးသတ်ယာဉ်တစ်စီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲဒေသ အရန်မီးသတ်တပ်ဖွဲ့သို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)တွင် ထားရှိမည့် မီးသတ်ယာဉ်တစ်စီး စုစုပေါင်းမီးသတ်ယာဉ်ငါးစီးတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရ စိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် မီးသတ်ယာဉ်များ လက်ခံမည့် သက်ဆိုင်ရာ မြို့နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဝန်ကြီးက ပေးပို့ရမည့်ဒေသများသို့ စနစ်တကျ အမြန်ပို့ဆောင်ရေး မှာကြားသွားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၇-၆-၂၀၀၄)

ရေး	-	၉ ဒသမ ၁၀ လက်မ။
မော်လမြိုင်	-	၇ ဒသမ ၀၁ လက်မ။
ထားဝယ်	-	၅ ဒသမ ၈၇ လက်မ။
သံတွဲ	-	၅ ဒသမ ၅၁ လက်မ။
ကိုကိုးကျွန်း	-	၅ ဒသမ ၀၀ လက်မ။
သထုံ	-	၄ ဒသမ ၈၈ လက်မ။
ဘားအံ	-	၄ ဒသမ ၀၉ လက်မ။
မုဒုံ	-	၃ ဒသမ ၅၃ လက်မ။
ကျောက်ဖြူ	-	၃ ဒသမ ၁၁ လက်မ။
ဖူ	-	၃ ဒသမ ၀၇ လက်မ။

နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ Corporate Member ကုမ္ပဏီများမှ ဂဟေဆက် ဝန်ထမ်းများအား ဂျပန်နိုင်ငံသို့ အဆင့်မြင့် ဂဟေဆက် ပုံမှန်သင်တန်း တစ်နှစ်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း နှစ်နှစ် စုစုပေါင်း သုံးနှစ် သင်တန်းစေလွှတ်ရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ Fund for Construction Industry Promotion (FCIP) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၈ရက် နံနက်ပိုင်းတွင် MICT Park အခန်း (၂၀၅)၌ ကျင်းပသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၇

၂၀၀၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများ၊ တေးသီချင်းများ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများကို ဖိတ်ခေါ်၍အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးဇော်မိုးကျော်(ဒီဖိုင်းဇော်ထက်၊ အာခီတက်-မန္တလေး)၏ "ဘဝအတွက် ရွေးသံလျက်"က ပထမ၊ မကေသီဦး(ကေသီဦး-မုံရွာဂျီစီစီ)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"က ဒုတိယ၊ မမေအိမ်စည်ဦး(ဇေကရီ မေဦးကျော်)၏ "မြင့်မိုရ်ထက်က ကြယ်တစ်ပွင့်"က တတိယရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်သန်းနွဲ့(မမ)၏ "မဝေးတော့ပြီပန်းတိုင်သစ်ဆီ အားမာန်သစ်နှင့်ချီ"၊ အောင်ဘုန်းဝေ၏ "သစ္စာမဏ္ဍိုင်"၊ ဦးထွေးမောင်(ပန်းချီ)(ရေတာရှည်-မောင်ငြိမ်းငယ်)၏ "အဖေ့ဆီကိုပို့ပေးပါ"၊ မချောရည်(မချောယဉ်-မိုးညှင်း)၏ "မူးယစ်ဆေးနှင့် ပီအေးသံဝေဂများ"နှင့် ဦးတင်လင်းအောင်(ထင်လင်းအောင်-မြို့ပြ)၏ "မှန်သရွေ့ကိုလ ဖန်စေ့စေ့ရေ"တို့ အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဦးသိန်းဝင်း(မူဆယ်ဝေါင်းခမ်း)၏ "တကယ်ပြတ်ချင် တကယ်ဖြတ် အဟုတ်ပြတ်ပါသည်"က ပထမ၊ ဒေါ်လှသိန်း၏ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက် အောင်ပွဲဆက်"က ဒုတိယ၊ ဒေါ်သက်သက်သင်း (သက်သက်သင်း-ပညာရေး)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"က တတိယ ရရှိကြပြီး အထူးဆုများအဖြစ် မောင်မောင်ဝင့်ဝါ၏ "၂၀၁၄ မူးယစ်ဆေး ကင်းဝေးပပျောက်စေရမည်"၊ ဒေါ်ခင်မာကြည်(ခင်ခင်ကျော်-ပညာရေး)၏ "အမျိုးသားရေးတာဝန်တို့ထမ်းရွက် မူးယစ်တိုက်ဖျက် အောင်ပွဲဆက်"၊ ဦးမြင့်သိန်း(ထွန်းနိုင်)၏ "မူးယစ်ဆေးဝါးတိုက်ဖျက်သွားပြီ စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက်အောင်ပွဲဆက်"၊ မယဉ်သူသင်း(ယဉ်နွေထား-ဥပဒေ)၏ "မူးယစ်အန္တရာယ် ပြည့်ရန်စွယ် တပ်နှင့်ပြည်သူ လက်တွဲကာကွယ်"နှင့် ရဲအုပ် မောင်သန်း(မောင်သက်နှင်း-မ/ဥ)၏ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက်အောင်ပွဲဆက်"တို့က အသီးသီးရရှိသည်။

ကဗျာပြိုင်ပွဲတွင် ဦးသောင်းဝင်း(မောင်နီမှိုင်း-ကျောက်တန်း)၏ "ကြည်စင်သော အနာဂတ် မွန်မြတ်သောအောင်ပွဲ" ကဗျာက ပထမ၊ ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)၏ "ပန်းတိုင်ဆီလှမ်းပြိုင်ချီလျက် မူးယစ်ရန်စွယ်ကာကွယ်တိုက်ဖျက် အောင်ပွဲဆက်"ကဗျာက ဒုတိယ၊ စောဏ္ဍာသက်မောင်၏ "မူးယစ်ကင်းစင် မြန်တိုင်းခွင်"ကဗျာက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးကျော်ထွန်း(အဖျောက်မြေ မောင်ဆွေမွန်)၏ "ဘဝဇာတ်ခုံအေးရိပ်မြို့ ခိုလှုံကင်းဝေးမူးယစ်ဆေး"၊ ဦးခင်မောင်မြ(ညောင်ရွှေခင်မောင်မြ)၏ "တိုင်းပြည်ရန်ဆူး မူးယစ်အန္တရာယ် ကာကွယ်တိုက်ဖျက်တွဲလက်ယှက်"၊ ဒုရဲအုပ်သက်ထွန်း(မောင်မောင်သက်ထွန်း)၏ "တိမ်စင်လပိုင်း တုနှိုင်းမရှိ"၊ ဦးရင်မောင်(မင်းနေနွယ်)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"နှင့် ဦးဖြူဝင်း(တမာသင်းခိုင်)၏ "အကျိုးမဖြစ် အမျိုးနှစ် မူးယစ်ဆေးဝါးအန္တရာယ်"ကဗျာတို့ အသီးသီးရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် တင်မောင်လှိုင်၏ "မူးယစ်ကင်းအောင်နှိမ်နင်းစို့လေ" တေးသီချင်းက ပထမ၊ အောင်မင်းသစ်၏ "မူးယစ်ဆေးဝါးဆန့်ကျင်ဖယ်ရှား" တေးသီချင်းက ဒုတိယ၊ ချစ်ဝေဝေကျော်၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်" တေးသီချင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် တပ်ကြပ်ကြီးဖုန်းမြင့်၏ "လူသားရန်စွယ်တို့ကာကွယ်"၊ ဆုရွှက်ဝေ၏ "ကိုယ်စီလှမှ နိုင်ငံလှမည်"၊ စန်းမြင့်အောင်၏ "မူးယစ်ကင်းစင် ကမ္ဘာမြေတစ်ခွင်ဝယ်"၊ လှသောင်းဦး(သာယာဝတီ)၏ "လူသားတွေအတွက်တာဝန်ကျေ"နှင့် တင့်လွင်ဦး၏ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက်အောင်ပွဲဆက်"တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မနီလာရွှန်းလက် အထက(၁)ဒဂုံက ပထမ၊ မောင်ကောင်းထက်ကျော် အမက(၁၈)တာမွေက ဒုတိယ၊ မနွေးရတနာထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မမြတ်နိုးရတနာစံ အမက(၁၈)တာမွေ၊ မမေထူးမြတ်မွန် မြို့မအလကကျောက်တန်း၊ မနှင်းဝတ်ရည် အထက(၂)သဃ်န်းကျွန်း၊ မနှင်းဆီမမ အထက(၈)မန္တလေးနှင့် မမြတ်သွယ်ငြိမ်း အထက(၁)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မခင်ချမ်းမြေ့သူ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမ၊ မောင်ဇင်ကိုကို အထက(၄)အလုံက ဒုတိယ၊ မခိုင်မြတ်မျိုးထွန်းလင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သက်ပိုင်စိုး အထက(၆) ပုသိမ်၊ မောင်စည်သူအောင် အမက(၃၂)တာမွေ၊ မောင်ဟိန်းထက်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မမေမိုးဝါဝင်းမြင့် အထက(၂)သဃ်န်းကျွန်းနှင့် မောင်ကောင်းမြတ်ဦး အထက(၂)တာမွေတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မအေးအိစိုးစံ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်က ပထမ၊ မောင်နိုင်ထူးကျော် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်က ဒုတိယ၊ မောင်စည်သူအောင် တတိယနှစ်(စီးပွားရေး)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သန်းထိုက်အောင် အထက(၂) လှိုင်သာယာ၊ မောင်မင်းဇော်ထူး အထက(၂)လှိုင်သာယာ၊ မောင်ဟိန်းကိုကို အထက(၂) လှိုင်သာယာ၊ မပို့ပို့ကြည် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မောင်ရဲထွဋ်အောင် အထက(၁)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပန်းချီပြိုင်ပွဲတွင် ဦးအောင်မိုး(ရှမ်းလေးပန်းချီ)က ပထမ၊ ပန်းချီကျော်မြင့်နိုင်က ဒုတိယ၊ မသက်ဖြူဝင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်ဆင့်၊ မထွေးထွေးလှိုင်၊ ဦးမောင်မောင်(ကျောက်တန်း)၊ မောင်ကျော်မိုးဇော်နှင့် မောင်ဇော်ထက်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မထူးထက်ထက်လင်း မြို့မအလက(ကျောက်တန်း)က ပထမ၊ မသွန်းရွှေရည်ဝင်းဆု အမက(၂၄)ပုသိမ်က ဒုတိယ၊ မနီလာရွှန်းလက် အထက(၁)ဒဂုံက တတိယ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းဇော်ဝင်း အထက(၄)တောင်ဥက္ကလာပ၊ မောင်ထူးထက်ကျော် မြို့မအလက(ကျောက်တန်း)၊ မမေမြတ်နိုးနွယ်(ဒေါ်ရင်ဝိုင်း မူကြို)၊ မောင်ဟိန်းပြည့်ကိုကို အထက(၁၄) မန္တလေးနှင့် မောင်ဝေဖြိုးအောင် အထက(ခွဲ)ကဝ တို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ပထမ၊ မောင်ကျော်ထင် အထက(ကဝ)က ဒုတိယ၊ မောင်အာကာမျိုး အထက(၁)မန္တလေးက တတိယရရှိကြပြီး အထူးဆုများအဖြစ် မခိုင်ဇာသွင် အလက(၁)သာကေတ၊ မဆုဆုဇာ အထက(၁)ကျောက်တန်း၊ မခိုင်ဆုဝေ အထက(၂)ဒဂုံ၊ မောင်သီဟထွန်းအလက(၁)ဒဂုံ(အရှေ့)နှင့် မောင်ဇေယျာဦး အထက(၄)မရမ်းကုန်းတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မဝင့်ဖြူထွေး အထက(၂) ရန်ကင်းက ပထမ၊ မောင်အောင်မိုဃ်းစည် အထက(၂)လှိုင်သာယာက ဒုတိယ၊ မောင်ရဲထွဋ်အောင် အထက(၁)ဒဂုံက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ပြည့် အထက(၁)လှိုင်ကော်၊ မောင်အောင်သူရ အထက(၁)ရွှေတောင်၊ မပြည်ချစ် အထကညောင်ရွှေ၊ မောင်အောင်ကျော်သူ အထက(၂)ပုသိမ်နှင့် မမေသိမ့်ထွန်းနီ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ကာတွန်းပြိုင်ပွဲတွင် မနီလာမြင့် ရန်ကုန်မြို့တော်စည်ပင်က ပထမ၊ မောင်ရဲထွဋ်အောင်(ကျောက်တန်း)က ဒုတိယ၊ မပြည့်ပြည့်သန့် စီးပွားရေးတက္ကသိုလ်က တတိယရရှိကြပြီး အထူးဆုများအဖြစ် မထွေးထွေးလှိုင်၊ ရဲတပ်သားသူရ(မော်ဘီ)၊ ဦးသိန်းထွန်း(ကာတွန်းသိန်းထွန်း)၊ မောင်မောင်စန်းလွင်(ကာတွန်းမောင်မောင်စန်းလွင်)နှင့် မောင်အောင်သူရ(ရွှေပြည်သာ)တို့က အသီးသီး ရရှိကြသည်။

အသက်(၁၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ထူးထက်ကျော် မြို့မအလက(ကျောက်တန်း)က ပထမ၊ မဖြိုးအိဇင် အမက(၉)တာမွေက ဒုတိယ၊ မနှင်းနွယ်နွယ်အောင် အမက(ရွှေကုန်း-ကျောက်တန်း)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မစုလှိုင်ထွန်း အမက(၇)တာမွေ၊ မမြတ်နိုးရတနာစံ အမက(၁၈)တာမွေ၊ မမေထူးမြတ်မွန် မြို့မအလက(ကျောက်တန်း)၊ မောင်ကောင်းထက်ကျော် အမက(၁၈)တာမွေနှင့် မသွန်းရွှေရည်ဝင်းဆု အမက(၂၄)ပုသိမ်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်အာကာထွန်းဝင်း အထက(၃)စမ်းချောင်းက ပထမ၊ မပိုးအိသန့် အမက(၂၃)(မူလွန်)လှိုင်က ဒုတိယ၊ မခင်ချမ်းမြေ့သူ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သက်မိုးနိုင် အထက(၂)ကျောက်တန်း၊ မသင်ဇာလွင် အထက(၂)လသာ၊ မောင်ဟိန်းထက်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မောင်ဇင်ကိုကို အထက(၄)အလုံနှင့် မထေက်ထက်အောင် အထက(၂) လသာတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ခါနန်းဝင်း အထက(၃)စမ်းချောင်းက ပထမ၊ မောင်ဝေယံကျော်စွာဟိန်း အထက(၅)ပြည်က ဒုတိယ၊ မောင်ရဲကိုကိုအောင် အထက(၁)တာမွေကတတိယရရှိကြပြီး အထူးဆုများအဖြစ် မအေးအိစိုးစံ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မဟေမာန်သော်တာညိမ်း အထက(၅)ပြည်၊ မပို့ပို့ကြည် နိုင်ငံခြားဘာသာတက္ကသိုလ်၊ မဟာန်နီချို(ရန်ကုန်တက္ကသိုလ်)နှင့် မဝင့်ဖြူထွေး အထက(၂)ရန်ကင်းတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပိုစတာပြိုင်ပွဲတွင် ဦးဇော်ဝင်း(ဇော်ဝင်း ငှက်ပျောသီး)က ပထမ၊ ဦးဇာနည်ထွန်း ဒဂုံမြို့သစ်အရှေ့ပိုင်းက ဒုတိယ၊ မောင်ရဲထွဋ်အောင်(ကျောက်တန်း)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မသဇင်စိုးမြင့်၊ မသက်ဖြူဝင်း၊ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)၊မောင်ကျော်ဆင့်နှင့်ဦးမောင်မောင်(ကျောက်တန်း)တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဇောတိက မောင်မောင်မြင့် အထက(၃)ပဲခူးက ပထမ၊ မသက်ပုံချစ် အလက(၁)ပုသိမ်က ဒုတိယ၊ မောင်ဉာဏ်နိုင်ထွန်း အလက(၇)မန္တလေး ချမ်းအေးသာဇံက တတိယ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းမြတ်ထူး အထက(၂) စစ်တွေ၊ မောင်နိုင်အုပ်ကျော် အလက(၄)မော်လမြိုင်၊ မောင်ကျော်ထက်နောင် အလက(၁) ဒဂုံ၊ မယုဝါအောင် အထက(၁)လမ်းမတော်နှင့် မောင်မင်းသန့်ကျော် အထက(၄) တောင်ကြီးတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အထက်တန်းဆင့် ပြိုင်ပွဲတွင် မရွှေရည်ဝင်း အထက(၈) မော်လမြိုင်က ပထမ၊ မသရဖူအောင် အထက(၁) လမ်းမတော်က ဒုတိယ၊ မောင်ရဲကိုကိုအောင် အထက(၁)တာမွေက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းမြတ်စည်သူ အထက(၁)တာမွေ၊ မောင်ကောင်းပြည့်ဝင်း အထက(၂) ပုသိမ်၊ မောင်ရန်နိုင်ဦး အထက(၂)မြိတ်၊ မောင်ပိုင်စိုးသူ အထက(၂)စစ်တွေနှင့် စိုင်းရွှေတင် အထက(၆) လားရှိုးတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မောင်စည်သူအောင် တတိယနှစ်(စီးပွားရေး) က ပထမ၊ မပို့ပို့ကြည်(နိုင်ငံခြားဘာသာတက္ကသိုလ်)က ဒုတိယ၊ မောင်ဝင်းထွဋ် တတိယနှစ်(သချ်ာ)က တတိယရရှိကြပြီး အထူးဆုများအဖြစ် စောအိုင်လုတ်တုတ်(ပုသိမ်)၊ ရဲဝင်းထိုက် ပထမနှစ်(ကွန်ပျူတာကောလိပ်-လားရှိုး)၊ရဲတပ်ကြပ်စိန်လင်း(ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး)၊ မဝင်းဝင်းကျော်နှင့် မောင်မင်းသန့်(မြစ်ကြီးနား)တို့က အသီးသီးရရှိကြသည်။

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် အောင်ကျော်ထွန်း(ပုသိမ်ကြီး)က ပထမ၊ အောင်ထွန်းဝင်း(လမ်းမတော်)က ဒုတိယ၊ ဆန်းဦး(တိမ်လွှာ)က တတိယရရှိကြပြီး အထူးဆုများအဖြစ် အောင်ထွန်းဝင်း(လမ်းမတော်)၊ ဇီးကုန်းအေးမော်နှင့် ထွန်းနေလှိုင်(လားရှိုး)တို့က အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုသာ ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ဆုချီးမြှင့်ပြီး ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ဆုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၄ ခုနှစ် ဇွန် ၂၄ရက်တွင် စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့် ဗဟန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စကားပြောကြေးနန်းအမှတ်(၅၄၉၂၂၅)သို့ဖြစ်စေ သတင်းပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းအား တရုတ်နိုင်ငံ အမ်စီစီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation (MCC) မှ ဥက္ကဋ္ဌ (President) Mr. Xianghun Xu နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၄နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ တစ်နေ့တန် ၂၀၀ စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အင်္ဂလန်က ဆွစ်ဇာလန်ကိုနိုင်၍ အသက်ရှူချောင် အုပ်စုအဆုံးအဖြတ် ခရိုအေးရှားနှင့် ကစားရမည်

ရန်ကုန် ဇွန် ၁၇

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်အဖြစ် တစ်မှတ်ရထားသော ဆွစ်ဇာလန်အသင်းနှင့် ပွဲဦးရှုံး၍ အမှတ်မရသေးသည့် အင်္ဂလန်အသင်းတို့ ယနေ့ည ၁၀နာရီခွဲက ပေါ်တူဂီနိုင်ငံ၌ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်က အနိုင်ရရှိပြီး သုံးမှတ် စတင်ရရှိသွားသဖြင့် အုပ်စုမှတက်ရေးအတွက် အသက်ရှူချောင်သွားရသည်။

အင်္ဂလန်အသင်း- သုံးဂိုး။

(ဝိန်းရွန်နေး-နှစ်ဂိုး၊ ဂျရတ်-တစ်ဂိုး)

ဆွစ်ဇာလန်အသင်း- ဂိုးမရှိ။

အင်္ဂလန်အသင်းအတွက် အနိုင်ဂိုးများကို ၂၃မိနစ်နှင့် ၇၅မိနစ်တို့၌ ဝိန်းရွန်နေးက နှစ်ဂိုးနှင့် ၈၂မိနစ်တွင် ဂျရတ်က တစ်ဂိုးသွင်းခဲ့သည်။ အင်္ဂလန်အသင်းသည် ဇွန် ၂၂ရက်တွင် ခရိုအေးရှားနှင့် အုပ်စုနောက်ဆုံးပွဲ ကစားရမည်ဖြစ်သည်။ ဒုတိယပိုင်းမိနစ် ၆၀တွင် ဆွစ်ဇာလန် နောက်ခံလူ ဟတ်စ်အနီကတ်ဖြင့် အထုတ်ခံရသည်။

အင်္ဂလန်အသင်း ဒုတိယပိုင်း၌ ပေါလ်စခိုးလ်အစား ဟားဂရေးဗ်၊ အိုဝင်အစား ဗက်ဆဲလ်စ်နှင့် ရွန်နေးအစား ဒိုင်ယာတို့ လူစားဝင်ကစားသွားသည်။

(၁၈-၆-၂၀၀၄)
ည ၁၀း၃၀ နာရီ
(ဘူဂေးရီးယားနှင့် ဒိန်းမတ်)

(၁၉-၆-၂၀၀၄)
နံနက် ၁း၁၅နာရီ
(အီတလီနှင့် ဆွီဒင်)

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈း၂၀ ၈။ ကျင်းသာရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ English For Everyday Use.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ)
- ၅း၁၅ ၆။ ဒါးကတံတား (ဧရာဝတီတိုင်း)
- ၅း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၄၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၅း၅၀ ၉။ မွန်တို့နေထိုင်ရာတိုင်းရင်းသားကျေးရွာ
- ၆း၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၆း၁၅ ၁၁။ Discovery.
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးနတ်မယ် (အပိုင်း-၃၂)**
- ၇း၃၀ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၇း၄၅ ၁၆။ ဖွံ့ဖြိုးမှုဝေ မနောမြေ (အပိုင်း-၁)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "မမေ့နဲ့နော်" (အပိုင်း-၂) (ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၁၀း၃၀ ၂၁။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဘူဂေးရီးယားနှင့် ဒိန်းမတ်)**
- ၀၁း၁၅ ၂၂။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အီတလီနှင့် ဆွီဒင်)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ကချင်ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်၊ ညှိနှိုင်း

ရန်ကုန် ဇွန် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေသည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၄ရက်တွင် ချီဖွေမြို့သို့ရောက်ရှိပြီး ဒေသမှတာဝန်ရှိသူများ၊ နယ်စပ်ဒေသဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လဝ္ဝေကျေးရွာ

ထိုမှ ဆက်လက်ထွက်ခွာလာရာ လဝ္ဝေကျေးရွာသို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး၊ လမ်းလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး၍ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ဆက်လက်ထွက်ခွာရာ ပန်ဝါမြို့သို့ ရောက်ရှိပြီး ညပိုင်းတွင် ဒေသမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်းအဆင့်မြှင့်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ထောက်ပံ့

ဇွန်၁၅ရက် နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပန်ဝါ ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းတိုက်၌ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသမှ ကျောင်းသားများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသည်။ ထိုမှ ထွက်ခွာခဲ့ရာ ဆမ်ဇကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားမှု အခြေအနေကို စစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသည်။ **(အပေါ်ပုံ)**

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဇွန် ၁၆ရက်နံနက်ပိုင်းတွင် မန်တောင်မှ ဆက်လက်ထွက်ခွာလာခဲ့ရာ မံမိန်းသို့ ရောက်ရှိပြီး မံမိန်းကျေးရွာအုပ်စုတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ဝေးလံမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေး စီမံကိန်း(CDRT)မှ ဆောက်လုပ်သည့် မန်ဝိန်းဆည် တည်ဆောက်ပြီးစီးမှုနှင့် ဆည်ရေသောက်နိုင်မည့် လယ်ဧက ၅၀၀အနက် လယ်မြေဧက၉၀ဖော်ထုတ်ပြီးမှု အခြေအနေအား စစ်ဆေးပြီး ပွင့်လင်းရာသီတွင် ကျန်လယ်မြေများ ဆက်လက် ဖော်ထုတ်ရေး ညှိနှိုင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလ ကျော်လွန်သွားသော မြန်မာကုမ္ပဏီများ ဇွန် ၃၀ရက် နောက်ဆုံးထားပေးသွင်းနိုင်

ရန်ကုန် ဇွန် ၁၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ကုမ္ပဏီများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခွင့်ရရှိပြီးသော မြန်မာကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ကြေးပေးသွင်းကြရန်အတွက် ဌာနမှကုမ္ပဏီများသို့ စာဖြင့်အသိပေးအကြောင်းကြားခဲ့သော်လည်း အချို့ကုမ္ပဏီများသည် မှတ်ပုံတင်ကြေး ပေးသွင်းလာခြင်းမရှိဘဲမှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလကျော်လွန်သွားခဲ့သည်။

ပယ်ဖျက်မည်

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလ ကျော်လွန်သွားသော မြန်မာကုမ္ပဏီများသည် ၂၀၀၄ခုနှစ် ဇွန် ၃၀ရက် နောက်ဆုံးထားပေးသွင်းကြရန်နှင့် ယင်းကာလကျော်လွန်သွားပါက ကုမ္ပဏီမှတ်ပုံတင်ရန်ဆန္ဒမရှိဟု သတ်မှတ်ပြီး မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ဖျက်မည်ဖြစ်သည်။ (သတင်းစဉ်)

ဂြိုဟ်တုဓာတ်ပုံများ အသုံးချ၍ စပါးစိုက်ပျိုးထုတ်လုပ်မှု စာရင်းပြုစုမည်

ရန်ကုန် ဇွန် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် Intergraph Co. တို့ ပူးပေါင်းဖွင့်လှစ်သော Remote Sensing နည်းပညာ သင်တန်းဆင်းပွဲကို ဇွန် ၁၁ ရက် ညနေပိုင်းတွင် ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

Remote Sensing နည်းပညာ သင်တန်းကို ဇွန် ၁ ရက်မှ ၁၁ရက်အထိ Intergraph Co. မှ ဦးဝင်းကိုကိုက သင်တန်းပို့ချပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား ၅၂ဦး တက်ရောက်၍ စာတွေ့၊ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်သွားမည်

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် Remote Sensing နည်းပညာဖြင့် ဂြိုဟ်တုဓာတ်ပုံများကို အသုံးချ၍ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၏ ၂၀၀၄–၂၀၀၅ ခုနှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုကို Pilot Test အဖြစ် စမ်းသပ်စာရင်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၀၄ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန်၈ရက်က မြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ပြုလုပ်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်က ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးသက်မြင့်ဦးအား ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်စဉ်။ (၅၂၉)

တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အလယ်တန်းကျောင်းသစ်ဖွင့်

ရန်ကုန် ဇွန် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမြို့မ အလယ်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးဆာဝမ်ဖုန်တို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၁၅၀ခန့် တက်ရောက်ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသော ဒေါက်တာဦးအောင်ခင်၊ ဒေါ်ခင်ကြည်နှင့် မောင်အငယ်ဆုံး ဦးမျိုးမြင့်အောင်ခင် (MPPE၊ ချောက်မြို့) တို့အား ရည်စူး၍ ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင် (ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်)က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို ဇွန် ၇ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် ဘဏ္ဍာရေးမှူး ဦးအောင်သန်းတို့ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စတိုင်ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံ တစ်ပြိုင်တည်းတင်

ရန်ကုန် ဇွန် ၁၇

ယခု သောကြာပတ်တွင် လပ်ကီးဆဲဗင်း ရုပ်ရှင်မှ မောင်ကြည်စိန်၊ မောင်သူရတို့၏ ဇာတ်ညွှန်းကို ဒါရိုက်တာမိုက်တီး ရိုက်ကူးသည့် **“စတိုင်”** ဇာတ်ကားသစ် ရုံတင်ပြသသည်။

ခေတ်ပေါ် လူငယ်တေးဂီတသမားတစ်ဦး၊ အေးဆေးတည်ငြိမ် ယဉ်ကျေးသော လူငယ်တစ်ဦးတို့ တွေ့ဆုံရင်းနှီးကြပုံ၊ မြန်မာဆန်၍ လိမ္မာယဉ်ကျေးသော မိန်းကလေးနှင့် ခေတ်ဆန်သော မိန်းကလေးတို့နှင့် ဆက်သွယ်မိကြပုံ၊ ခံယူချက်ချင်းမတူသော ချစ်သူစုံတွဲတို့ ပြဿနာဖြစ်ရပုံ။

နောက်ဆုံးတွင် တိုင်းတစ်ပါးယဉ်ကျေးမှုထက် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန် သဘောပေါက်သွားကြပုံကို သဘာဝဟာသရောနှောကာ သွက်သွက်လက်လက် ရိုက်ကူးထားသော အချစ်ဟာသ ဇာတ်ကားဖြစ်သည်။ လွင်မိုး၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်နန္ဒာ၊ ဇာဂနာနှင့် မေသဉ္ဇာဦးတို့ သရုပ်ဆောင်ကြသည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ရုံတင်ပြသလာသည်။

စတိုင်

‘စတိုင်’ဇာတ်ကားသစ်မှ ရာဇာနေဝင်းနှင့် စိုးမြတ်နန္ဒာတို့ အတွဲ။

First Knight **နိုင်ငံခြားဇာတ်ကားမှ ဇာတ်ဝင်ခန်း။**

ဆက်လက်ပြသ

ဒွေး၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်၍ ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးသည့် **“တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်”** ဇာတ်ကား ရွှေ့ဆောင်နှင့် နဝဒေးရုံများတွင် ဆက်လက်ပြသနေသည်။

နေပြည်တော်ရုံတွင် S.W.A.T အမည်ရှိ နိုင်ငံခြားအက်ရှင်ဇာတ်ကား ပြသနေဆဲရှိသည်။

ရာဇဝင်နောက်ခံဇာတ်ကား

ရွှေဂုန်ရုံတွင် ဂျိမ်းစ်ဘွန်းမင်းသားကြီး ရှောင်ကွန်နရီပါဝင်သည့် First Knight နိုင်ငံခြား ရာဇဝင်နောက်ခံဇာတ်ကားရုံတင်လာသည်။ ဓား၊ လှံ လက်နက် အတိုက် အခိုက်များကို အသားပေး ရိုက်ကူးထားသည်။

‘တစ်ခါတစ်ရံ၌ အချစ်သည်ဤသို့ဖြစ်တတ်သည်’ ဇာတ်ကားမှ ဒွေး၊ ထက်ထက်မိုးဦး၊ ရဲအောင်။

မေတ္တာဘွဲ့

မြို့မရုံတွင် Dil Hai Tumhaara အမည်ရှိ အိန္ဒိယမေတ္တာဘွဲ့ ဇာတ်ကား ရုံတင်ပြသနေသည်။ အချစ်ကြီး၍ အမျက်ကြီးခဲ့ပုံကို ဖွဲ့ဆိုထားသည့် ဇာတ်လမ်းဖြစ်သည်။

အချစ်အက်ရှင်

ဆုထူးပန်ရုံတွင် Rishtaa အမည်ရှိ အိန္ဒိယ အချစ်အက်ရှင် ဇာတ်ကား ရုံတင်ပြသသည်။ လောဘနှင့် သစ္စာတရားတို့ ယှဉ်ပြိုင်ကြပုံကို အရှစ်ကူးမား၊ ဂျူဟီချာဝါလား၊ ကရစ်စမာကပူးတို့က အပြိုင်အဆိုင် သရုပ်ဆောင်ကြသည်။

အိန္ဒိယဇာတ်ကား

ဘုရင်ရုံတွင် Andaaz အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ အရှစ်ကူးမား ဦးဆောင်၍ အိန္ဒိယမယ်ကမ္ဘာနှင့် မယ်စကြဝဠာတို့ကို ပွဲထုတ်ထားသော ဇာတ်ကားဖြစ်သည်။

အိန္ဒိယရာဇဝင်

ဧရာဝတီရုံတွင် Asoka အသောကအမည်ရှိ အိန္ဒိယရာဇဝင် ဇာတ်ကားရုံတင်သည်။ အသောကခေတ် ခမ်းနားကြီးကျယ်သော စစ်ပွဲကြီးများကို ပြသထားသည်။ **(ကြေးမုံ)**

● **ကျွတားတက်ရေးမှ**

ဂရိသည် သရေကျသောကြောင့် အုပ်စုတက်ရေးအတွက် သေချာသလောက်ရှိသွားပြီဖြစ်သည်။ ဂရိကရုရှားကို အနိုင်ကန်ဖို့လွယ်သလောက် စပိန်ကိုပေါ်တူဂီက အနိုင်ကစားရန်ခက်သည်။ သို့ဖြစ်၍ အုပ်စု(က)မှ နာမည်ကြီး စပိန်နှင့် အိမ်ရှင်ပေါ်တူဂီတို့အနက် တစ်သင်းသင်း ထွက်ရပေမည်။ ရုရှားက ဂရိကို အနိုင်မကန်နိုင်ဘူးလားဆိုသည့် မေးခွန်းမှာလည်း ပြောဖို့ခက်သည်။

ထို့ကြောင့် ယင်းကစားမည့် အုပ်စု(ဂ)ပွဲစဉ်များက ပရိသတ်များ မျှော်လင့်ထားသော အဖြေများထွက်လာပါ့မလားဟု ရင်ခုန်စွာ စောင့်ကြည့်ရမည်ဖြစ်သည်။

ဇွန်(၁၈)ရက်

သောကြာ

ည ၁၀း၃၀ နာရီ

ဘူဂေးရီးယား–ဒိန်းမတ်

“ ဆွီဒင်ကို ငါးဂိုးပြတ်ရှုံးပေမယ့်လည်း ဘူဂေးရီးယား ကစားတာကောင်းပါတယ်။ သူ့ရဲ့တန်ပြန်တိုက်စစ်တွေဟာ တော်တော်ကြီး ကြောက်ဖို့ကောင်းပါတယ်။ နောက်ပြီး သူတို့ရဲ့တစ်ချက်ထိ ကစားပုံကလေးတွေကလည်း ရင်ထဲစွဲငြိစေပါတယ်။ ဒါပေမယ့် ဘူဂေးရီးယားတွေရဲ့ ကစားပုံကြမ်းတာက သူတို့ကိုပြန်ပြီး ဒုက္ခပေးသွားတာပဲ။ အဲဒါကြောင့် ဒုတိယပိုင်းမှာ ကစားကွက်ပျက်ပြီး လေးဂိုးထပ်ပေးလိုက်ရတာပဲ”ဟု မြန်မာပရိသတ်တစ်ဦးက ဒိန်းမတ်နှင့် ကစားမည့် ဘူဂေးရီးယားအသင်းပေါ် မှတ်ချက်ပေးလိုက်သည်။

ဂိုးသွင်းမသေချာ

မှန်ပါသည်။ ဆွီဒင်နှင့်ပွဲတွင် ဘူဂေးရီးယားကစားပုံကောင်းသည်။ ကွင်းလယ်မှ အမ်ပီထရော့စ်နှင့်ဂျန်ကိုဗစ်တို့သည် ဘယ်ညာလှည့်ပြီး လှုပ်ကစားနိုင်သည်။ ပထမပိုင်းမှာ ဘူဂေးရီးယားခြေထဲမှာ ဘောလုံးရှိနေပြီး အထက်စီးမှ ကစားသွားနိုင်သည်။ သေချာပေါက် ဂိုးသွင်းခွင့်များရခဲ့သော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမသေချာသောကြောင့် နစ်နာခဲ့ရသည်။ ဘူဂေးရီးယားတိုက်စစ် ကစားပုံကောင်းသည်။ ညာဘက်ခြမ်းကို အားပြုထိုးဖောက်ကစားလေသည်။ ကစားအားမလျှော့ဘဲ ကစားနိုင်သည်။ ပွဲပြီးသည်အထိ စိတ်ဓာတ်မကျဘဲကစားနိုင်သည်။ ဘူဂေးရီးယား၏အဓိက အားနည်းချက်မှာ ဥပဒေပြင်ပ အဝင်အထွက်ကြမ်းခြင်းဖြစ်သည်။ ဆွီဒင်နှင့်ပွဲတွင် ဘူဂေးရီးယားဘောလုံးသမားအဝါပြခံရတာများသည်။ ထိုအချက်ကို ပြုပြင်သွားနိုင်မည်ဆိုလျှင် ဘူဂေးရီးယားအသင်း ကစားကွက်၊ ကစားပုံ ပိုတည်ငြိမ်လာမည်။ ဘူဂေးရီးယားသည် လောလောဆယ်တွင် တစ်မှတ်မှမရသေးဘဲဖြစ်နေသည်။ ဒိန်းမတ်က အီတလီကို သရေကျထားသောကြောင့် တစ်မှတ်ရထားသည်။

ထိုးဖောက်ကစား

အီတလီနှင့်ပွဲတွင် ဒိန်းမတ်၏ ကစားပုံကောင်းသည်။ ရှေ့တန်းအား အလွန်ကောင်းပါသည်ဆိုသော အီတလီတိုက်စစ်မှူးများသည် ဒိန်းမတ်နောက်တန်းကို မကျော်နိုင်ဘဲဖြစ်ခဲ့သည်။ ဒယ်ပီယာရိုဆိုလျှင် ထိုနေ့က ကစားကွက်ခြေပျောက်နေ သည်။ ဒိန်းမတ်က အကြိမ်ကြိမ်ထိုးဖောက်ပြီး ဂိုးသွင်းခွင့် များရသည်။ ဂိုးသမား ဘတ်ဖွန် ကောင်းလွန်း၍ အီတလီတို့ ရင်မကျိုးရခြင်းဖြစ်သည်။ ဒိန်းမတ်အသင်းကို ပြောစရာတစ်ချက်သာရှိသည်။ ကွင်းလယ်ကစားကွက် ပျောက်နေခြင်းဖြစ်သည်။ ဘေးစွယ်များမှ ထိုးဖောက်ကစားနေရပြီး ရှေ့ကိုဖြတ်တင်ပေးနေရသည်။

အကယ်၍ ဒိန်းမတ်သည် ကွင်းလယ်ကစားကွက်ကို ပိုင်ပိုင်နိုင်နိုင်ကစားပြီး ထိုးဖောက်ကစားနိုင်မည် ဆိုလျှင် ဘူဂေးရီးယားကို အနိုင်ရဖွယ်ရှိသည်။ တောင့်တင်းခိုင်မာသည့် ဘူဂေးရီးယားနောက်တန်းကို ဖြိုဖျက်ဖို့ရန် ဉာဏ်တစ်နည်းသာရှိသည်။ ဆွီဒင်တို့ ဂိုးရခဲ့သည်မှာ ၎င်းပုံစံပင်ဖြစ်သည်။ အက်တီဆန်းရော တိုမာဆင်တို့သည် တိုက်စစ်အား၊ ဂိုးသွင်းချက် ကောင်းကြသည်။ အလယ်တန်းမှ ရာမန်ဒဲလ်၊ ဂရာဗီဆင်၊ ပေါလ်ဆန်တို့ လှုပ်ရှားပံ့ပိုးပေးနိုင်လျှင် ဒိန်းမတ်ဂိုးရနိုင်သည်။

“ဒိန်းမတ်နဲ့ ဘူဂေးရီးယားဆိုတာ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေ၊ ယူရိုခြေစစ်ပွဲတွေမှာ မကြာမကြာဆုံဖူးတယ်။ ကမ္ဘာ့ခြေစစ်ပွဲမှာတော့ ဒိန်းမတ်က နိုင်တာချည်းပဲ။ မရှုံးခဲ့ဖူးပါဘူး။ အဲ–ယူရိုခြေစစ်ပွဲမှာတော့ ရှုံးဖူးပါတယ်။ တခြားချစ်ကြည်ရေးခြေစမ်းပွဲတွေမှာတော့ ဘူဂေးရီးယားနိုင်ဖူးပါတယ်။ ကျန်ခဲ့တဲ့ အီတလီနဲ့ ကစားတဲ့ပွဲကို ကြည့်ရတော့ ကျွန်မဒိန်းမတ်ကို သဘောကျမိတယ်။ အီတလီကို ခံကန်နိုင်တဲ့ ဒိန်းမတ်ခြေဟာ မသေးဘူး။ ဟို–ကမ္ဘာ့ဖလားပွဲတုန်းကလည်း ဒိန်းမတ်ကစားတာကို ကျွန်မကြည့်ဖူးတယ်။ ကြိုက်တယ်။ ဒီပွဲမှာ ဘူဂေးရီးယားထက် ဒိန်းမတ်ကို ပိုသဘောကျတယ်။ နိုင်နိုင်တယ်လို့ထင်တယ်။ သရေကျရင်တောင် ဒိန်းမတ် အုပ်စုတက်ဖို့ မျှော်လင့်နိုင်ပါသေးတယ်”ဟု မြန်မာဘောလုံးဝါသနာရှင် အမျိုးသမီးတစ်ဦးက မှတ်ချက်ပေးလိုက်သည်။

ဇွန် (၁၉) ရက်

စနေနေ့

နံနက် ၁း၁၅ နာရီ

အီတလီ–ဆွီဒင်

“ကျွန်တော်တို့ထင်ထားသလောက် အီတလီကစားပုံက မကောင်းပါဘူး။ ရှေ့တန်းက ဒယ်ပီယာရို၊ တော့တီတို့ဆိုတာ ကစားကွက်ဘယ်ပျောက်နေမှန်းမသိဘူး။ ကွင်းထဲပါမှန်းတောင် မသိရဘူး။ အလယ်တန်းက ဇနက်တီ ကောင်းတယ်။ နောက်တန်းကလူတွေ ဒိန်းမတ်ရှေ့တန်းလူတွေကို မထိန်းနိုင်ကြဘူး။ ဂိုးသမား ဘတ်ဖွန် ကောင်းလို့သာ အီတလီတွေ အိမ်ပြန်စောတဲ့ကိန်းမဆိုက်တာ။ ကမ္ဘာ့ဖလားက ပေးလိုက်တဲ့ သင်ခန်းစာတွေကိုမေ့နေပြီထင်တယ်။ ဆွီဒင်နဲ့ပွဲမှာ ဒီပုံစံ ကစားလို့ကတော့ မလွယ်ဘူး။ ပုံစံတစ်မျိုး လုပ်ကစားဖို့တော့ လိုလိမ့်မယ်ထင်တယ်”ဟု အားကစားဂျာနယ် အရောင်းသမားလေးကဆိုသည်။

ဒိန်းမတ်ကို သရေကျလိုက်သောကြောင့် အီတလီပရိသတ်များ စိတ်ပျက်ကုန်ကြသည်။ အီတလီသည် ဒိန်းမတ်ကို ပထမပိုင်းတွင် ခံကစားနေခဲ့ရသည်။ ကွင်းလယ်တည်ဆောက်မှုကိုလည်း ကောင်းစွာမလုပ်နိုင်ဘဲ ဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင်မှ အီတလီကစားကွက် ပုံပေါ်နိုင်တော့သည်။ သို့သော် ရှေ့ပိုင်းလောက် ကစားရှိန်မရှိတော့ဘဲ ဖြစ်သွားသည်။ အလယ်တည့်တည့်မှသော်လည်းကောင်း၊ ဘေးစွယ်များမှသော်လည်းကောင်း ထိုးဖောက်တိုက်စစ်ဆင်သည်။ ဖီအိုရီ၊ ဂတ်တူဆို၊ ကာဆာဒိုတို့ဝင်သည့်အချိန်တွင် အီတလီအသင်း၏ လှုပ်ရှားမှုက ပိုမြန်လာသည်။ သို့သော် အီတလီတို့ နောက်ကျသွားပြီဖြစ်သည်။

ကွင်းလယ်ကိုထိန်းချုပ်

ကစားခဲ့သောပွဲအရ အီတလီ၏ ကွင်းလယ်သည် ထိထိရောက်ရောက် တိုက်စစ်ကို မပံ့ပိုးပေးနိုင်ဘဲရှိသည်။ ဇနက်တီနှင့် ပရောတာသာ ဘယ်ညာလှုပ်ကစားနိုင်သည်။ သို့သော်ထိရောက်မှုမရှိ။ အကယ်၍ အီတလီသည် ဒိန်းမတ်ပွဲထက် ကွင်းလယ်ကစားကွက်ကို ပိုမိုပီပြင်စွာ တည်ဆောက်နိုင်ခဲ့လျှင် ဆွီဒင်ရှုံးသွားနိုင်သည်။ ဆွီဒင်၏ အလယ်တန်းထက် အီတလီက ပိုကောင်းသည်။ ကွင်းလယ်ကိုလည်း ထိန်းချုပ်ကစားနိုင်သည်။ ၎င်းအချက်ကို အခွင့်ကောင်းယူပြီး အီတလီ ကစားတတ်ဖို့လိုသည်။

ထိန်းရခက်

ဆွီဒင်ရှေ့တန်းမှ လာဆင်နှင့် ဟီမိုဗစ်တို့သည် ထိန်းရခက်သော ကစားသမားဖြစ်သည်။ ထိုနှစ်ယောက်အား ထိန်းရန် ကွင်းလယ်ကို အီတလီ ထိန်းချုပ်ကစားဖို့လိုသည်။ ဖြတ်တောက်ပစ်ဖို့လိုသည်။ တစ်ပြိုင်တည်းမှာ ဒယ်ပီယာရိုနှင့် ဗီယာရီကို ဂိုးရအောင် ဖန်တီးပေးနိုင်ရမည်။

မည်သို့ပင်ဖြစ်စေ အီတလီသည် ဘူဂေးရီးယား အသင်းမဟုတ်။ အီတလီကို ငါးဂိုးရဖို့မဆိုထားဘိ အနိုင်ရဖို့ပင်ခက်လိမ့်မည်။ ဆွီဒင်အနေဖြင့် အီတလီနှင့်ကစားရန် စိတ်ဖိစီးမှုဒဏ်တော့ ခံစားနေရမည်ဖြစ်သည်။ အီတလီသည် ဆွီဒင်၏ စိတ်ပိုင်းဆိုင်ရာအားနည်းချက်အပေါ် အခွင့်ကောင်းယူ ကစားတတ်ရန်ပင် လိုပေသည်။ ဆွီဒင်သည် ခပ်ညံ့ညံ့အသင်းမဟုတ်သည်ကိုအီတလီတို့သတိပြုရပေမည်။ ဂရုစိုက်ကစားရမည့်အသင်းဖြစ်သည်။ သူကသုံးမှတ်သမား၊ ကိုယ်ကတစ်မှတ်သာဖြစ်သည်ကို အီတလီအမှတ်ရဖို့လိုမည်။

သမိုင်းကြောင်းအရပဲကြည့်ကြည့်၊ လက်ရှိလူအနေအထား၊ ကစားပုံကိုပဲကြည့်ကြည့် အီတလီသာသည်ကို ပရိသတ်များသိသည်။ သို့သော် ဒိန်းမတ်နှင့်ပွဲကိုကြည့်ပြီး အီတလီပရိသတ်များ အားမလို အားမရ၊ မဝံ့မရဲ ဖြစ်နေကြသည်။ အီတလီနည်းပြဆရာ ထရာပက်တိုနီက “ဒီနေ့ ကျွန်တော့်အသင်းကစားတာ မကောင်းဘူးဆိုတာ ကျွန်တော်သိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေလွဲနေတယ်။ ဘတ်ဖွန်ကောင်းလို့ ကျွန်တော်တို့မရှုံးတာ။ ဆွီဒင်နဲ့ပွဲကိုတော့ အပြောင်းအလဲတွေလုပ်ကစားရမှာပဲ။ ဒါမှလည်း အခြေအနေကောင်းမယ်”ဟု ထုတ်ဖော်ပြောကြားသည်။

“ဒီပွဲ အီတလီနိုင်မှဖြစ်မယ်။ သရေကျရင်တောင် အုပ်စုတက်ဖို့ခက်မယ်။ ဆွီဒင်ဆိုတာလည်း ခပ်ညံ့ညံ့အသင်းတော့မဟုတ်ဘူး။ ဘူဂေးရီးယားနဲ့ပွဲကိုကြည့်ရင် မလွယ်မှန်းသိတယ်။ နည်းပြထရာပက်တိုနီ ဘာတွေအပြောင်းအလဲလုပ်ပြီးကစားမလဲဆိုတာပဲ စောင့်ကြည့်ရတော့မယ်။ ရင်ခုန်စရာကြီးပဲဗျာ”ဟု အီတလီပရိသတ်တစ်ဦးက စိတ်လှုပ်ရှားသော အသံဖြင့် ရင်ဖွင့်စကားဆိုလေသည်။ ။

ယူရို–၂၀၀၄ ဘော လုံး ပြိုင်ပွဲ အုပ်စု (က) မှ စပိန်နှင့် ဂရိတို့ပွဲတွင် စပိန်အ သင်း မှ အ လယ် တန်း လူ ဗင်းဆင့်တီ (နံပါတ်–၁၄) ၏ထိုးဖောက်မှုကို ဂရိနောက်တန်းမှ သီကာရီဒစ် (နံပါတ်–၂)နှင့် အလယ်တန်းလူ ဇာဂိုရာကက် (နံပါတ်–၇) တို့ ဖျက်ထုတ်စဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိမ်ရှင်ပေါ်တူဂီအသင်း နိုင်ပွဲစတင် ရုရှားအသင်းကို နှစ်ဂိုး –ဂိုးမရှိဖြင့်နိုင်

ရန်ကုန် ဇွန် ၁၇

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(ယူရို–၂၀၀၄)အုပ်စု (က)မှ ပေါ်တူဂီအသင်းနှင့် ရုရှားအသင်း၏ပွဲကို ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိကာ သုံးမှတ်ရသွားပြီဖြစ်သည်။

အနီကတ်ပြခံရ

ပေါ်တူဂီအသင်းအတွက် ပထမဂိုးကိုပထမပိုင်း ၇ မိနစ်တွင် အလယ်တန်းလူ မန်နီချီ(နံပါတ်–၁၈)က သွင်းယူခဲ့ပြီး ဒုတိယဂိုးကို အလယ်တန်းလူ ရူအီကော့စတာ(နံပါတ်–၁၀)ကဒုတိယပိုင်းပွဲပြီးခါနီး ၈၉မိနစ်တွင် ကန်သွင်းခဲ့သည်။ ဒုတိယပိုင်း၌ ရုရှားဂိုးသမား ဂိုးဧရိယာအပြင်ဘက်တွင် ဘောလုံးဖမ်းမိ၍ အနီကတ်ပြအထုတ်ခံရသဖြင့် ရုရှားအသင်း ၁၀ ယောက်တည်းဖြင့် ကစားသွားရသည်။ (ကြေးမုံ)

ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု (က) မှ ပေါ် တူ ဂီ နှင့် ရုရှားတို့ပွဲတွင် ဒုတိယပိုင်း ပွဲပြီးခါနီး ၈၉ မိနစ်၌ ပေါ်တူဂီမှ ရူအီကော့စတာ(နံပါတ်–၁၀)က ဒုတိယဂိုးကို သွင်းယူစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရန် နှိုးဆော်

ရန်ကုန် ဇွန် ၁၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

